၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ တနင်္လာနေ့ (14-10-2013) (၇၆၃၃)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၃-၁၀-၂၀၁၃)

ပျော်ဘွယ်	၂ ဒသမ ၀၁ လက်မ
စစ်ကိုင်း	၁ ဒသမ ၇၃ လက်မ
ကွမ်းခြံကုန်း	၁ ဒသမ ၆၉ လက်မ
သံတွဲ	၁ ဒသမ ၅၃ လက်မ
ဟသ်ာတ	၁ ဒသမ ၀၂ လက်မ

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဒုတိယသမ္မတ ဦးညွှန့်ထွန်း ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

ကွာလာလမ်ပူ အောက်တိုဘာ ၁၃

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညွှန့်ထွန်းသည် အောက်တိုဘာ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ထိပ်သီးအစည်းအဝေး (Fourth Global Entrepreneurship Summit-GES 2013) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(ဓါတ်ပုံ)**

အဆိုပါ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဝန်ကြီးများ၊ အရှေ့တောင်အာရှ၊ တောင်အာရှနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် မလေးရှားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Dato' Sri Hji. Ahmad Husni Mohamad Hanadzlah က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီက မိန့်ခွန်းပြောကြားပြီးနောက် အမေရိကန်သမ္မတ မစ္စတာ အိုဘားမား၏ ဗီဒီယိုမိန့်ခွန်းကို ပြသသည်။

ထို့နောက် မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato' Sri Mohd. Najib Bin Tun Haji Abdul Razak က အဖွင့်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ဆီးဂိမ်းမီးရှူးတိုင် ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင်

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ မီးရှူးတိုင်အား ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မီးရှူးတိုင်ကို စတင်သယ်ဆောင်ပြီး နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် ကစားသမားဟောင်း ၂၀ က သုဝဏ္ဏကွင်းမှ ပါရမီလမ်းဆုံအထိ အဆင့်ဆင့် သယ်ဆောင်ကြသည်။ ယင်းမှတစ်ဆင့် ရန်ကုန်တိုးဂိတ်၊ နေပြည်တော်သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်သယ်ဆောင်ကြကြောင်း သိရသည်။ ဆီးဂိမ်းမီးရှူးတိုင် သယ်ဆောင်ခြင်း အစမ်းလေ့ကျင့်ခြင်းကို နေပြည်တော်တွင်လည်း ယခင်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ဆီးဂိမ်းမီးရှူးတိုင် သယ်ဆောင်

ဆီးဂိမ်းမီးရှူးတိုင်ကို နိုင်ငံ့ဂုဏ်ဆောင် ကစားသမားဟောင်း တစ်ဦး သယ်ဆောင်နေစဉ်။

Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

ကြေးမုံ စာတည်းရှုထောင့် ၁၄-၁၀-၂၀၁၃(တနင်္လာနေ့)

ရှောင်ကြဉ်အပ်သည့် သေရည်

ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ အရက် ယစ်မျိုးငါးပါးတို့သည် ရှောင်ကြဉ်အပ်သော အရာများဖြစ်ပါသည်။ အဆိုပါ ယစ်မျိုးငါးပါးသည်လူမှုဘဝ ပတ်ဝန်းကျင်တွင် ရှောင်ကြဉ်အပ်သည့်အရာဖြစ်သကဲ့သို့ သုရာမေရိယ ဟူသော ငါးပါးသီလတွင် သီလတစ်ပါးအပါအဝင်ဖြစ်၍အထူးရှောင်ကြဉ်သင့်ပေသည်။

ထိုသို့ ရှောင်ကြဉ်ခြင်းသည် မိမိဘဝ၊ မိမိ မိသားစုဘဝ၊ မိမိပတ်ဝန်းကျင်အတွက် ကောင်းကျိုးများဖြစ်ထွန်းစေရန် ရည်ရွယ်သဖြင့် မဖြစ်မနေ ရှောင်ရှားအပ်ပါသည်။ မျက်မှောက်ကာလတွင် ထိုရှောင်ကြဉ်ဖွယ်ရာများမှာ မရှောင်ကြဉ်နိုင်လောက်အောင်၊ စွဲမက်စေလောက်အောင် နေရာအနှံ့၌ ပျံ့နှံ့ဝင်ရောက်လျက်ရှိပါသည်။

မကြာသေးမီက ရန်ကုန်မြို့တွင် Mobile Team အဖွဲ့က နိုင်ငံခြားဖြစ်အရက်ပုလင်း ၉၀၆၀၀ ကျော်နှင့် ဘီယာဗူး ၅၀၀၀ ကျော်အား စစ်ဆေးတွေ့ရှိခဲ့ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များကို အရေးယူနေသည်ဟု ကြားသိရပါသည်။ ထိုသို့တွေ့ရှိရသည့် အရက်ပုလင်းပမာဏသည် တစ်ကြိမ်တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ယခင်ကာလများကလည်း အကြိမ်ကြိမ်အခါခါ တင်သွင်းဖြန့်ချိခဲ့မည်ဖြစ်ရာ အရက်ပုလင်းပေါင်းသိန်းချီ၍ တရားမဝင်ဖြန့်ဖြူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအရက်ပုလင်းများသည် နိုင်ငံခြားဖြစ် အရက်များပြီး ပြည်တွင်းဖြစ်အရက်များနှင့် ထပ်မံ ပေါင်းစပ်လိုက်လျှင် သိန်းသန်းချီသည့် အရက်ပုလင်းဝန်းကျင်ကြီးတစ်ခု ပျံ့နှံ့နေပေလိမ့်မည်။

ထိုမျှများပြားသောအရက်များကို လှိုင်လှိုင်ဖြန့်ချိနေသဖြင့် ဖြစ်ပေါ်နေသော အကျိုးဆက်များမှာလည်း နည်းလှမည်မဟုတ်ချေ။ အကျိုးအားဖြင့် မိသားစု၏ ဝင်ငွေကို ထိခိုက်နစ်နာစေခြင်း၊ သောက်သုံးသူကိုယ်တိုင် ရောဂါရခြင်း၊ ပတ်ဝန်းကျင်က အထင်အမြင်သေးပြီး စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ထို့ပြင်အရက်ကြောင့် ပြစ်မှုဆိုင်ရာ မှုခင်းများဖြစ်ပေါ်နိုင်ခြင်း၊ ထို့ထက်မကအရက်သောက်သုံးခြင်းကြောင့် အသိတရားလွတ်ကင်းပြီး မောင်နှင့်နှမ၊ သားနှင့်အမိဟူသော အသိစိတ်ကင်းကာ ကြောက်မက်ဖွယ်ဆိုးကျိုးများကို ဆင့်ကဲဆင့်ကဲရရှိစေနိုင်ပါသည်။

လက်တွေ့အားဖြင့် ယနေ့သတင်းစာမျက်နှာများတွင် အရက်ကြောင့်ဖြစ်ပေါ်သော ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်မတော်တဆမှု၊ အသက်အန္တရာယ်နှင့်ဘဝကို ထိခိုက်စေသည့် လက်လွန်ခြေလွန်ဖြစ်မှု၊ မိမိကိုယ်ကို သေကြောင်းကြံစည်မှုအထိ ဆိုးဆိုးရွားရွားဖြစ်နေသည်ကို ကြားသိကြရမည်ဖြစ်ပါသည်။ နေ့စဉ် အရက်ကြောင့်ဖြစ်ပွားနေသောအမှုများမှာ တစ်နှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမှုပေါင်းထောင်ချီရှိပေလိမ့်မည်။

ထိုမျှကောင်းကျိုးမပေးသော ရှောင်ကြဉ်အပ်သော အရက်သေစာများကို ဖြန့်ဖြူးရောင်းချနေသူများသည် မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေးရှုဆောင်ရွက်ခြင်းသာဖြစ်၍ များစွာစိတ်မကောင်းဝမ်းနည်းဖွယ် ဖြစ်မိပေသည်။

အမှန်တကယ်အားဖြင့် အရက်သေစာ ရောင်းဝယ်ဖောက်ကားခြင်းသည် ဥပဒေနှင့်အညီသာ ရောင်းဝယ်ရမည်ဖြစ်သည်။ တရားဝင်သတ်မှတ်ထားသောဆိုင်တွင် တရားဝင်အရေအတွက်ကိုသာ စည်းကမ်းတကျ ရောင်းချရမည်ဖြစ်ပြီး တရားမဝင်ရောင်းချပါက တည်ဆဲဥပဒေဖြင့် အရေးယူခံရနိုင်သည်ကို သိရှိနားလည်ထားရမည်ဖြစ်သည်။

ဖြန့်ဖြူးရောင်းချသူကို ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူသလို ရောင်းဝယ်ဖောက်ကားသူတို့ကိုလည်း ရှာဖွေအရေးယူသင့်ပေသည်။ ယစ်မျိုးဥပဒေတွင် အရက်လေးလုံးထက်ကျော်လွန်တွေ့ရှိပါက အရေးယူနိုင်သည့် ဥပဒေရှိပြီးဖြစ်သည်။ ထို့ကြောင့် အရက်ကြောင့်ဖြစ်ပေါ်လာသော မကောင်းမှုများနှင့် မူးယစ်ဆေးဝါးထက် အလွယ်တကူဖောက်ဖျက်နိုင်သော သေရည်သေရက်တို့ ပျောက်ကွယ်စေရန်အတွက် ရောင်းချသူ၊ ဖြန့်ဖြူးသူ၊ သောက်သုံးသူ၊ တာဝန်ရှိသူများအားလုံး အသိတရားနှင့် သတိထားဆောင်ရွက်သင့်ပါကြောင်း အသိပေးအပ်ပါသည်။ ။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ နီရှိုးဂါကုရှတက္ကသိုလ်တို့အကြား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို အောက်တိုဘာ ၁၂ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ကျင်းပရာ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှ မော်ဦးနှင့် ဂျပန်နိုင်ငံ နီးရှိုးဂါကုရှတက္ကသိုလ်၏ ဥက္ကဋ္ဌ Mr.Watanabe Kazunori တို့က ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၏ ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

နားလည်မှုစာချွန်လွှာကို ပြီးခဲ့သည့် ဇွန်လအတွင်းက ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၏ ဂျပန်နိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း တိုကျိုမြို့ရှိ နီရှိုးဂါကုရှတက္ကသိုလ်၏ အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ပညာရပ်ဆိုင်ရာ ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား နီရှိုးဂါကုရှတက္ကသိုလ်ဥက္ကဋ္ဌ Mr.Watanabe Kazunori က တက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းနှင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အဆောင်အယောင်နှင့် ဘွဲ့လက်မှတ်အား အပ်နှင်းသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးမြင့်လှိုင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းမြင့်၊ ဦးကျော်လွင်၊ ဦးမောင်မြင့်၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**



ဗုဒ္ဓါဘိသေကအနေကဇာတင် အဘိဓမ္မာ(၇)ကျမ်း ပူဇော်

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ (ကျောက်တော်ကြီး) ရုပ်ရှင်တော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် (၁၈)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီ တွင် မင်းဓမ္မကုန်းတော်ဂန္ဓကုဋိတိုက်၌ ကျင်းပခဲ့သည်။

ပထမပိုင်းအစီအစဉ်အနေဖြင့် လောကချမ်းသာ အဘယလာဘမုနိ (ကျောက်တော်ကြီး)ဘုရားကြီးအား ပင့်လျှောက်ထားသည့်သံဃာတော်များက အနေကဇာတင်ပွဲကို ပြုလုပ်ကြသည်။

အဆိုပါ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၉ရက်အထိ အသံမစဲ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **(၆၈၄)**

အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးပွဲတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက် အထိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)အစည်းအဝေးခန်းမတွင် စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

❖ **ရှေ့ဖုံးမှ**

ယင်းနောက် ပါမောက္ခ W. Chan Kim က စီးပွားရေးလုပ်ငန်းရှင်များအကြား လက်တွဲဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာအတွင်း ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည် ကြည့်ရှုလေ့လာသည်။

(Fourth Global Entrepreneurship Summit -GES 2013) ကို ၂၀၀၉ ခုနှစ်တွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့တွင်လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် တူရကီနိုင်ငံ အီစတန်ဘူလ်မြို့တွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒူဘိုင်းမြို့တွင် လည်းကောင်း ကျင်းပခဲ့ပြီး ယခုကျင်းပသော စတုတ္ထအကြိမ်မြောက် GES 2013 သို့ ကမ္ဘာတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းရှင် ၄၀၀၀ ကျော် ပါဝင်တက်ရောက်ကြောင်း သိရှိရသည်။

GES ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ ကမ္ဘာ့စီးပွားရေးခေါင်းဆောင်များနှင့် စွန့်ဦးတီထွင်သူများအကြား အမြင်ချင်းဖလှယ်ရန်နှင့် ပူးပေါင်းလုပ်ဆောင်မှုများကို အားပေးရန်ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတသည် မလေးရှားနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများကို အလွတ်သဘော ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကွာလာလမ်ပူမြို့ရှိ Petronas Twin Tower သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ပက်ထရိုစ်နတ်စ်ကော်ပိုရေးရှင်း၏ ဒုတိယအကြီးအကဲ အီးအန်န်ရာမ်လန် အဗ္ဗဒူလ် မေလ်လက်ခ်က ကြိုဆိုပြီး မြန်မာနိုင်ငံ၌ စီးပွားရေး၊ ပညာရေး၊ လူမှုရေးဆောင်ရွက်ချက်များ အပါအဝင် ပက်ထရိုစ်နတ်စ်ကော်ပိုရေးရှင်းလုပ်ငန်းဆောင်ရွက်မှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အီလက်ထရွန်နစ် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ပြီး အမြွှာမျှော်စင်ရှိ အထပ်(၈၃)ထပ်သို့ သွားရောက်လေ့လာကြည့်ရှုလျက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးသို့ရောက်ရှိပြီး သံရုံးမိသားစုများနှင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် ပညာတော်သင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရန် ကွာလာလမ်ပူမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မလေးရှားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသံရုံးယာယီတာဝန်ခံနှင့် သံရုံးဝန်ထမ်းများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

✱ **ပြည်ထောင်စုမှ**

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နှင့် လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Christoph Burgener တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော်(IPU) ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာမြဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၃

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mr. Lee In-Bok ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းမြတ်ဟိန်းသူတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပမည့် Association of World Election Bodies (A-WEB) စတင်သည့် အခမ်းအနားနှင့် Global Elections Organization (GEO) Conference သို့ တက်ရောက်ရန် IFES ဌာနေညွှန်ကြားရေးမှူး Mr. Paul Guerin နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုနှင့်အဖွဲ့ဝင်တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**

(သတင်းစဉ်)

နေပြည်တော် FC ကို ဗီယက်နမ်အသင်းနိုင်

သတင်း ➢ ချစ်ကိုကို၊ ဓာတ်ပုံ ➢ ရှိုင်းထက်ဇော်

နေပြည်တော် အောက်တိုဘာ ၁၃

MNL ကလပ် နေပြည်တော်အသင်းနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် ဗီယက်နမ်ယူ-၂၃ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၅ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဗီယက်နမ်ယူ-၂၃ အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဗီယက်နမ်ယူ-၂၃ - တစ်ဂိုး
နေပြည်တော် - ဂိုးမရှိ

ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး ပြင်ဆင်မှုများသေချာပြုလုပ်နေသည့် ဗီယက်နမ်ယူ-၂၃ အသင်း၏ မြန်မာနိုင်ငံခြေစမ်းခရီးစဉ်မှာ အနိုင်ရလဒ်ဖြင့် စတင်နိုင်ခဲ့သည်။ ဗီယက်နမ်အသင်းမှာ လျင်မြန်မှုကို အသားပေးပြီး ပွဲစကတည်းက နေပြည်တော်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ဗီယက်နမ်ယူ-၂၃ အသင်းအတွက် အနိုင်ဂိုးကို ၃၄ မိနစ်တွင် တောင်ပံကစားသမား ထရန်ဖီဆွန်က သွင်းယူပေးခဲ့သည်။ နေပြည်တော်အသင်းမှာ ပြည်တွင်းကစားသမားများဖြင့်သာ ပွဲထွက်လာခဲ့ပြီး သရေရနိုင်မည့်အခွင့်အရေးရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၃ အသင်းနှင့် ဗီယက်နမ်ယူ-၂၃ အသင်းတို့သည် အောက်တိုဘာ ၁၅ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ထပ်မံခြေစမ်းမည်ဖြစ်သည်။

နေပြည်တော်အသင်းဘက်သို့ ဗီယက်နမ်ယူ-၂၃ အသင်း တိုက်စစ်ဆင်နေစဉ်။

❍ **တိဘက်မှ**

ပင်လယ်ရေမျက်နှာပြင်အထက် အနိမ့်ဆုံးနေရာများ၌ တည်ရှိသော ရေခဲမြစ်များသာ အရည်ပျော်ဆင်းကာ ကျုံ့လာနေသည်ဟု ယခင်က ထင်မြင်ယူဆခဲ့ကြကြောင်း၊ သို့ရာတွင် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၆၀၀၀ အထိ မြင့်မားသော တောင်ပေါ်ဒေသများရှိ ရေခဲမြစ်များလည်း တစ်စစကျုံ့လာနေသည်ကို နောက်ဆုံးပြုလုပ်သော သုတေသနလေ့လာချက်အရ သိရကြောင်း ကန်ရှီချန်းက ပြောကြားသည်။

သုတေသီများသည် တိဘက်ဒေသတောင်ပိုင်းရှိ လာနောင်းရေခဲမြစ်၏ ရေခဲအူတိုင်ကို ရယူကာသုတေသနပြုလေ့လာခဲ့သည်။

ချူကလီးယားစမ်းသပ်ခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်းတို့သည် ရေခဲမြစ်များ၏ ဓာတုဗေဒဖွဲ့စည်းပုံကို ပြောင်းလဲစေနိုင်ကြောင်း၊ ရေခဲအူတိုင်အလွှာကို လေ့လာခြင်းဖြင့် ရေခဲမြစ်များ တည်ရှိမှုအခြေအနေကို သိရှိနိုင်ကြောင်း၊ တစ်နှစ်ပတ်လုံးအအေးဓာတ်လွှမ်းခြုံနေသော တောင်ထိပ်အမြင့်ပိုင်းနေရာများရှိ ရေခဲမြစ်များသည်ပင် ကျုံ့လာနေကြောင်း၊ ရေခဲမြစ်များဆုံးရှုံးပျောက်ကွယ်ခြင်းဖြင့် သန်းပေါင်းများစွာသော ပြည်သူများအတွက် ရေအရင်းအမြစ်တစ်ရပ် ထိခိုက်နိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ကလေးမွေးဖွားချိန်များ မှတ်သားပေးနိုင်ရန် ဆွေးနွေးဟောပြောမည်

ရန်ကုန် အောက်တိုဘာ ၁၃

ကလေးမွေးဖွားရာတွင် မွေးဖွားလိုက်သောကလေး၏ မွေးချိန်အတိအကျမှတ်သားပေးမှုမျိုးပြုလုပ်နိုင်ရန် ပညာပေးဆွေးနွေးဟောပြောမှုများ လုပ်ဆောင်သွားမည်ဟု မြန်မာနိုင်ငံနက္ခတ်ဗေဒင်သင်တန်းကျောင်း(နဒီ)မှ သိရသည်။

ထိုသို့မွေးချိန်မှတ်သားခြင်းဖြင့် ကလေးအတွက် ဇာတာဖွဲ့ရာတွင် တိကျခိုင်မာသော အခြေအနေမျိုးရရှိစေပြီး ၎င်း၏ဘဝတစ်လျှောက်လုံး အကောင်းအဆိုးများအတွက် ကြိုတင်သိရှိနိုင်စေမည်ဖြစ်သည်ဟု သိရသည်။

“ကလေးနာမည်ပေးတဲ့အခါ အညွှန့်ပါတဲ့နေ့နံတွေသုံးပြီးတော့ နည်းမျိုးစုံနဲ့ပေးကြတယ်။ တကယ်တော့ ဒီလိုအညွှန့်နာမည်ပေးတိုင်းလည်း သူ့ဘဝမှာကောင်းချင်မှကောင်းတာပါ။ မွေးချိန်မှာဖြစ်ပေါ်တဲ့နက္ခတ်တွေနဲ့ တွက်ချက်ရတဲ့အခါကျတော့ မွေးတဲ့အချိန်ရယ်၊ မွေးတဲ့ဇာတိမြို့ရယ်သိဖို့လိုတယ်။ နက္ခတ်ပညာမှာက အဲဒီလို လိုအပ်တယ်။ ဇာတာဆိုတာက ပြန်ပြင်လို့မရဘူး” ဟု အဆိုပါသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်စိန်က ရှင်းပြသည်။

ထိုသို့ မွေးချိန်မှတ်သားနိုင်ရန် ဆွေးနွေးဟောပြောမှုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ သူနာပြုတက္ကသိုလ်များ၌ လုပ်ဆောင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဆက်လက်သိရှိရသည်။

(ထက်ခိုင်-စမ်းချောင်း)

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၁၃

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**

အမေရိကန်သမ္မတအိုဘားမားမိသားစုနှင့် မာလာလာတို့ သမ္မတအိမ်ဖြူတော်၌ စကားလက်ဆုံကျနေစဉ်။

သမ္မတအိုဘားမားက မာလာလာကို တွေ့ဆုံ

ဝါရှင်တန် အောက်တိုဘာ ၁၃

အမေရိကန်သမ္မတဘာရက်အိုဘားမားနှင့် သမ္မတကတော် မစ်ချဲလ်အိုဘားမားတို့သည် ပါကစ္စတန်ကျောင်းသူများအရေး လှုပ်ရှားသူ မာလာလာယူဆွတ်ဇိုင်ကို သမ္မတရုံးခန်း၌တွေ့ဆုံခဲ့ကြကြောင်း အောက်တိုဘာ ၁၂ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမျိုးသမီးများ ပညာသင်ကြားခွင့်ရရှိရေးလှုပ်ရှားဆောင်ရွက်သည့်အတွက် အသက် ၁၆ နှစ်အရွယ်သာရှိသေးသည့် မာလာလာကို အိုဘားမားက ကျေးဇူးတင်ကြောင်းပြောသည်။ယမန်နှစ်ကတာလီဘန်တို့သည် ၎င်း၏ဦးခေါင်းကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ အိုဘားမား၏ သမီး အသက် ၁၅ နှစ်ရှိ မာလီယာသည်လည်း ယင်းတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။

အမျိုးသမီးများ ပညာသင်ကြားခွင့်ရရှိရေးအတွက် လှုပ်ရှားရာတွင် မာလာလာ၏ သတ္တိနှင့်စိတ်ဓာတ်ကြံ့ခိုင်မှုကို အမေရိကန်ပြည်ထောင်စုက ချီးကျူးဂုဏ်ပြုကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။ **ဘီဘီစီ။**

အမေရိကန်သင်္ဘော ဗင်နီဇွဲလားရေတပ် ဖမ်းဆီး

ဂျော့ရှ်တောင်း အောက်တိုဘာ ၁၃

ဗင်နီဇွဲလားရေတပ်သည် ၎င်း၏ပိုင်နက်ရေပြင်အတွင်းသို့ ဝင်ရောက်လာပြီး အမေရိကန်ကုမ္ပဏီတစ်ခု၏ သင်္ဘောတစ်စင်းကိုဖမ်းဆီးသွားကြောင်း ဂီယာနာအစိုးရကပြောကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသည့် အက်ဆီကွီဆိုဒေသအတွင်း ဝင်ရောက်၍ ဗင်နီဇွဲလားနိုင်ငံ၏ လှုပ်ရှားပြုမူပုံသည် ဒေသတွင်းငြိမ်းချမ်းရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း ဂီယာနာက ပြောသည်။

အဆိုပါသင်္ဘောသည် ယင်းရေပြင်အတွင်း ရေနံရှာဖွေရန်ခွင့်ပြုချက်ရရှိထားသော တက္ကဆက်အခြေစိုက် အနာဒါကိုကုမ္ပဏီ၏သင်္ဘောဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံက ၎င်း၏ပိုင်နက်ရေပြင်အတွင်းသို့ တရားမဝင် ရေနံရှာဖွေနေသည့်အတွက် ယင်းသင်္ဘောကိုဖမ်းဆီးခြင်း ဖြစ်သည်ဟု ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုကမူ ထိုဖမ်းဆီးခြင်းနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ရန် ငြင်းဆိုသည်။

တက်နစ်ပါးဒါးနားအမည်ရှိ အဆိုပါသင်္ဘောသည် အောက်တိုဘာ ၁၀ရက်တွင် ပင်လယ်ကြမ်းပြင်၌ သုတေသနပြုလုပ်နေစဉ် ဗင်နီဇွဲလားရေတပ်သင်္ဘောတစ်စင်း ရောက်ရှိလာကာ ၎င်းတို့ပိုင် မာဂါရီတာကျွန်းသို့ မောင်းနှင်ရန် အင်အားပြခိုင်းစေခဲ့သည်ဟု ကုမ္ပဏီက ပြောကြားသည်။

၎င်းဖြစ်ရပ်ဖြစ်ပွားသည့် အချိန်၌ တက်နစ်ပါးဒါးနားသည် ဂီယာနာနိုင်ငံ၏ ရေပြင်အတွင်းရှိနေသည်မှာ အမှန်ဖြစ်ပါသည်ဟု ဂီယာနာနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဗင်နီဇွဲလား အာဏာပိုင်များက သင်္ဘောပေါ်တက်ရောက်၍ ဖမ်းဆီးခဲ့သည့် သင်္ဘောသားများတွင် အမေရိကန်နိုင်ငံသား ငါးဦးပါဝင်ကြောင်း သတင်းကိုသတိထားမိကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

သင်္ဘောသားများနှင့် သင်္ဘော အန္တရာယ်ကင်းစွာပြန်လည်ရောက်ရှိရန် ဂီယာနာအစိုးရ၊ အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့နှင့်သံရုံးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ဂီယာနာ အာဏာပိုင်များထံမှ တရားဝင်ရှင်းလင်းချက် တောင်းခံထားကြောင်း ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ **ဘီဘီစီ။**

လူအုပ်ရုတ်တရက်ပြုံဆင်းမှုကြောင့် အိန္ဒိယဘုရားဖူး ၆၀ ထက်မနည်းသေဆုံး

နယူးဒေလီ အောက်တိုဘာ ၁၃

အိန္ဒိယနိုင်ငံအလယ်ပိုင်း မြို့နယ်တစ်ခုတွင် ဟိန္ဒူဘာသာဝတ်ကျောင်းတော်တစ်ခုအနီး၌ ဘုရားဖူးလူအုပ်စု ရုတ်တရက်ပြုံဆင်းမှုကြောင့် ဘုရားဖူးပြည်သူဦးရေ ၆၀ ထက်မနည်းသေဆုံးကြောင်း ယနေ့သတင်းများ၌ ဖော်ပြသည်။

မက်ဒရာပရာဒေ့ရှ်ပြည်နယ် ဒါတီဟာမြို့နှင့် ကီလိုမီတာ၆၀(၃၇မိုင်)ခန့်အကွာရှိ ဘာသာရေးဆိုင်ရာ အခမ်းအနားတစ်ရပ် ကျင်းပနေသည့် ရာတာနာ့ဒ် ဝတ်ကျောင်းတော်အနီးတွင် သောင်းနှင့်ချီသည့် ဘုရားဖူးများစုဝေးရောက်ရှိ နေစဉ် ကာလအတွင်း ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဘုရားကျောင်းအနီးရှိ ဆင်းဒ်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့်တံတားတစ်စင်းအား ဘုရားဖူးများက ဖြတ်ကူးရန် ကြိုးပမ်းသည့်ဖြစ်ရပ်တစ်ခု ထိန်းမနိုင်သိမ်းမရဖြစ်မှုတစ်ရပ်အတွင်း၌ ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ထိခိုက်သေဆုံးခဲ့ရသူ အများစုမှာ လူအုပ်စုအား ထိန်းမနိုင်သိမ်းမရဖြစ်စဉ်အတွင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အခြားထိခိုက်ဒဏ်ရာရသူများမှာ တံတားပေါ်မှခုန်ချသူများဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲက မီဒီယာများသို့ ပြောကြားရာ၌ ထိန်းမနိုင်သိမ်းမရဖြစ်နေသည့် လူစုလူဝေးကြီးအကြား၌ အဆိုပါတံတားပြိုကျနိုင်သည်ဟူသော ကောလာဟလသတင်းများပျံ့နှံ့နေသည်ဟုဆိုသည်။

အဆိုပါတံတားသည် ကျဉ်းမြောင်းလွန်းသည့် အနေအထားရှိနေပြီး မီတာ ၅၀၀ ရှည်လျားသည်။ ယင်းတံတားကို မကြာသေးမီကာလအတွင်းက ပြန်လည်တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ်အတွင်းကလည်း ယင်းသို့သောဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ခဲ့ရသည်။ **ဘီဘီစီ။**

ဗီယက်နမ်မြောက်ပိုင်းတွင် မီးရှူးမီးပန်းစက်ရုံမီးလောင် လူခြောက်ဦးသေဆုံး၊ ၁၀ ဦးဒဏ်ရာရရှိ

ဟန္နိုင်း အောက်တိုဘာ ၁၃

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဖူးသိုပြည်နယ်ရှိ မီးရှူးမီးပန်း ထုတ်လုပ်သော စက်ရုံ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူခြောက်ဦးထက်မနည်း သေဆုံး၍ ၁၀ ဦးဒဏ်ရာ ရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၂ ရက်တွင် ရေးသားဖော်ပြသည်။

အောက်တိုဘာ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၅၅ မိနစ်ခန့်က မြို့တော်ဟန္နိုင်းမှ ကီလိုမီတာ ၉၀ ကွာဝေးသော ဖူးသိုပြည်နယ် သက်ဘားခရိုင်ရှိ မီးပန်းစက်ရုံ၌ ပေါက်ကွဲမှုကြောင့် အဆက်မပြတ်ပေါက်ကွဲသံများထွက်ပေါ်ကြောင်း ဗွီအင်န်အီးအိပ်စ်ပရက်စ် သတင်းစာက ရေးသားဖော်ပြသည်။

မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုကြောင့် စက်ရုံအနီးအနားတွင် နေထိုင်သော ဒေသခံပြည်သူများအား အဝေးသို့ ထွက်ပြေးတိမ်းရှောင်ကြရန် အသံချဲ့စက် များဖြင့် တာဝန်ရှိသူများက သတိပေးကြောင်း၊ နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါမီးရှူးမီးပန်းစက်ရုံ၌ ပုံမှန်အလုပ်သမား ၃၀၀ ခန့် အလုပ်ဆင်းလေ့ရှိကြောင်း၊ သို့သော် ထိုနေ့က စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ဖြစ်သဖြင့် စက်ရုံ၌ လူအနည်းငယ်သာရှိကြောင်း၊ ဒဏ်ရာရရှိသွားသူများအား ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို ရှင်းလင်းစွာ မသိရသေးကြောင်း၊ ဗီယက်နမ်နိုင်ငံရှိ တစ်ခုတည်းသော မီးရှူးမီးပန်းစက်ရုံ တစ်ရုံဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။ **ဆင်ဟွာ။**







၂၀၁၃ခုနှစ် မြန်မာ့ရုပ်ရှင်နေ့နှင့် အကြိမ်(၅၀)မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်နေ့နှင့် အကြိမ်(၅၀)မြောက် ရုပ်ရှင် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်း၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အနုပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်ကို ရုပ်ရှင်အနုပညာရှင် ဗိုလ်ကလေးတင့်အောင်နှင့် ရုပ်ရှင်အနုပညာရှင်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အနုပညာရှင်များက အပူဇော်ခံ သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။**(ယာပုံ)**

မြန်မာ့ရုပ်ရှင်နေ့ကို ၁၉၂၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မြန်မာရုပ်ရှင် "မေတ္တာနှင့် သူရာ" ရုပ်ရှင်ဇာတ်ကား ပထမဆုံးရုံတင်သည့် ၁၉၂၀ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့ကို မြန်မာ့ရုပ်ရှင်နေ့ဟု သတ်မှတ်ပြီး မြန်မာ့ရုပ်ရှင်လောကသားများ နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် မြန်မာ့ရုပ်ရှင်နေ့ကို ကျင်းပခဲ့သည်မှာ ယခုနှစ်ထိဆိုလျှင် (၉၃)နှစ်ရှိပြီဖြစ် ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုန်ချိန်းရန် စောင့်ဆိုင်းနေမှုများကြောင့် ကုန်ပစ္စည်းများ အချိန်မီမရောက်

ရန်ကုန် အောက်တိုဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ဝင်ရောက်လာသော အဝေးပြေးကုန်တင်ယာဉ်များသည် ပုသိမ်မြို့တွင်းဝင်ရောက်ကုန်ချခွင့် မရှိသည့်အတွက် ပုသိမ်အဝေးပြေးကုန်တင်ယာဉ် ရပ်နားစခန်းဝင်းနှင့် ပုသိမ်-မုံရွာ-ရေဦး လမ်းမကြီး၏ မြက်တိုကျေးရွာအနီးတို့တွင် ရပ်တန့်ကုန်ချိန်းရန် စောင့်ဆိုင်းနေရသည့်အတွက် အောက်တိုဘာ ၅ ရက်တွင် ပုသိမ်မြို့သို့တင်ပို့သော ကုန်ပစ္စည်းအများစု အချိန်မီ ရောက်ရှိလာခြင်းမရှိဟု ရန်ကုန်မြို့မှ ကုန်ပို့သူများနှင့်ပုသိမ်မှ ကုန်မှာသူများက ဆိုသည်။

ပုသိမ်မြို့တွင်းသို့ ယခင်က ယာဉ်+ကုန် သုံးတန် ၁၄ ပေ ဒိုင်နာယာဉ်များ ကုန်ချခွင့်ပြုသော်လည်း နားလည်မှုဖြင့် ခြောက်ဘီးယာဉ်ကြီးများပါ ဝင်ရောက်ကုန်ချကြောင်း၊ ခြောက်ဘီး အထက် ကုန်တင်ယာဉ်များကိုမူ မြို့တွင်းဝင်-ထွက်ခွင့်မပြုကြောင်း၊ အောက်တိုဘာ ၅ ရက်မှစ၍ ၁၄ ပေ ဒိုင်နာယာဉ်များကို ပုသိမ်ကြိုးတံတားမှ အလာတွင် ငွေဆောင်ဇက်ဆိပ် အထိလည်းကောင်း၊ မြို့ရှောင်လမ်းမှ လာလျှင် ဘူတာဈေးထိပ်အထိလည်းကောင်း ဝင်ခွင့်ပြုကြောင်း၊ ပုသိမ်မြို့တွင်း ယာဉ်+ကုန် နှစ်တန်ကားငယ်များဖြင့်သာ ကုန်ချခွင့်ပြုကြောင်း၊ ဒိန်းဒေါင်း၊ မြစ်သား ဒိန်းဒေါင်းများဖြင့် ကုန်ချခွင့်မပြုထားကြောင်း၊ ပုသိမ်မြို့ရှိ ကုန်ကားပိုင်ရှင်၊ ကားဂိတ် တာဝန်ခံတို့က ဆိုသည်။

ခြောက်ဘီးကားကြီးများကို ညပိုင်း ၈ နာရီမှ နံနက် ၅ နာရီအတွင်း ပိုင်ရှင်များရှိရာ နေအိမ်များသို့ ကုန်မပါအလွတ် ဝင်ခွင့်ပြုထားကြောင်း၊ ဂါလန် ၁၂၀၀ ထိ ဝင်ဆံ့သော ဆီတင်ကားများသာ မြို့တွင်းဝင်ခွင့်ပြုထားပြီး ယင်းဂါလန်အရေအတွက်ထက်ပိုလျှင် စက်မှုဇုန် ဆီဆုံတွင်ချိန်းရမည်ဖြစ်ကြောင်း၊ ဘုရားဖူးယာဉ်များမှအပ ခရီးသည်ယာဉ်ကြီးများလည်း မြို့တွင်းဝင်ရောက်ခွင့်မပြုကြောင်း ကုန်ကားဂိတ် တာဝန်ခံတစ်ဦးက ဆိုသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ခြင်းဖြင့် ပုသိမ်မြို့တွင်း ယာဉ်ပိတ်ဆို့မှု လျော့ကျသွားနိုင်စေကြောင်း၊ နေ့စဉ်ပွင့်လင်းရာသီတွင် ကုန်ကားပျမ်းမျှ အစီးရေ ၃၀ ဝန်းကျင် ဝင်ရောက်တတ်သဖြင့် ကုန်ကားပိုင်ရှင်များ ယာဉ်+ကုန် နှစ်တန်အောက် ယာဉ်ငယ်များ ဝယ်ယူအသုံးပြုလာကြမည်ဖြစ်ရာ ရက်အနည်းငယ်အတွင်း ပုသိမ်မြို့သို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် ကြန့်ကြာမှုများရှိလာနိုင်သဖြင့် ရန်ကုန်ရှိ ပုသိမ်သို့ကုန်ပို့ကားဂိတ်များတွင် ကုန်သည်များတို့ပြောဆိုမှုများရှိလာသည်ဟု ဆိုသည်။

(မောင်စေအောင်)

ရုပ်ရှင်သက်ကြီးပူဇော်ပွဲနှင့် အနုပညာရှင်၏ ဝမ်းသာပီတိ

မြန်မာ့ရုပ်ရှင်နေ့နှင့် အကြိမ်(၅၀)မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲနေ့သည် ယခင်နှင့်မတူ ထူးကဲမွန်မြတ်လှသည်ဟု ဆိုချင်ပါသည်။ နှစ်ပေါင်း ၅၀ တိုင်ခဲ့ပြီဖြစ်သော်လည်း သက်ရှိထင်ရှား အနုပညာရှင်ကြီးများ စုံလင်သကဲ့သို့ အခမ်းအနားသို့ ရုပ်ရှင်သရုပ်ဆောင်များ၊ အနုပညာရှင်များနှင့် အတတ်ပညာရှင်အားလုံးနီးပါး တက်ရောက်ပူဇော်ကန်တော့ကြသည်။

ထိုသို့ တက်ရောက်ပူဇော်ကန်တော့ကြသော ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များအနက် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကေကေမိုးမြင့်**(ဝဲပုံ)**က "ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို နှစ်စဉ်မပျက် သမီးတက်ရောက်ကန်တော့ခဲ့တာ ငါးနှစ်ရှိပါပြီ၊ ဒီနှစ်ပွဲဟာ ယခင်နှစ်နဲ့မတူ ကန်တော့ခံသူရော၊ ကန်တော့သူတွေ စုံလင်လှပါတယ်။ ဒီနေ့ကန်တော့ရတာဟာ ကိုယ့်ရဲ့မိဘဘိုးဘွားအရင်းတွေကို ကန်တော့ရသလို ရင်ထဲမှာ ဝမ်းသာကြည်နူး ဖြစ်ရပါတယ်။ အနန္တောအနန္တဂိုဏ်းဝင်ဖြစ်တဲ့ သင်ဆရာမြင်ဆရာတွေကို ကန်တော့ရလို့ ကျေနပ်မိပါတယ်။ ဒီပွဲမှာ အကယ်ဒမီဆုကြီးရှင်တွေ၊ အဖြူအမည်း ရုပ်ရှင်ကာလကတည်းက သရုပ်ဆောင်ဟောင်း အနုပညာရှင်ကြီးတွေကိုပါ ကန်တော့ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်မိသလို မိမိကိုယ်ကို ဂုဏ်ယူနေမိပါတယ်" ဟု ရင်တွင်းခံစားချက်များကို ရှင်းပြသည်။

ကြိုးကြာတောင်ပန်ခတ်သံဇာတ်ကားမှ သူနာပြုဆရာမလေးအဖြစ် သရုပ်ဆောင်ခဲ့ပြီး အကယ်ဒမီငါးဆုရ ပင်လယ်ထက်ကနေဝန်းနီဇာတ်ကားတွင် ပီပြင်စွာ သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ရွှေနေမိန်းကလေး၏ ဝမ်းမြောက်စကားများကို ရေးသားတင်ပြလိုက်ပါသည်။

(ကြေးမုံ)

သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်နှင့် သီတင်းကျွတ်

ယုဝတီခင်ဦး

မိုးကလေးအုံ့အုံ့နှင့်သာယာသော နံနက်ခင်းတွင် ချိုးကူသံလေးကို နားစွင့်နေစဉ်အခါ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်အသင်းမှ ရုံးဝန်ထမ်းတစ်ဦးက တယ်လီဖုန်းဖြင့် ဆက်သွယ်လာပါသည်။ " ဆရာမကြီး နေကောင်းရဲ့လားရှင့်၊ ဆေးစစ်တာတွေရော ကောင်းရဲ့လား--- ဆရာမကြီးရှင့် လာမယ့် တနင်္ဂနွေနေ့ဟာ လစဉ်ပြုလုပ်နေကျ အသင်းဝင်အသစ်များနေ့ဖြစ်ပြီး အဲဒီနေ့မှာပဲ သက်ကြီးပူဇော်ပွဲရှိလို့ ဆရာမကြီးကို ဖိတ်ပါတယ်ရှင်။ ဆရာမကြီး ဆက်ဆက်ကြွခဲ့ပါ။ အဲဒီနေ့မှာသက်ကြီးပူဇော်ပွဲကြွရောက်မယ့် ဆရာမကြီးများ ၂၀ ဦးရှိပါတယ်"လို့ ဖိတ်ကြားလာပါတယ်။

ကျွန်မအသက် (၈၃) နှစ်ရှိပါပြီ။ ကန်တော့ခံဆရာမကြီးများမှာ အသက် (၇၀)၊ (၇၀)နှစ်အထက်ရှိကြပြီလို့ သိရပါတယ်။ မနေ့က ကျွန်မကို ၁၉၆၇-၆၈က အလုပ်သင်ဆရာဝန်အဖြစ်နှင့် ရန်ကုန်မြို့ကလေးဆေးရုံကြီးတွင် ကျွန်မနှင့်အတူတာဝန်များကို ထမ်းဆောင်ခဲ့သော ဒေါက်တာအေးမောင်သန်းက ကျွန်မကို ကန်တော့ရန်ရောက်လာခဲ့ပါသည်။ ယခုအခါ ဒေါက်တာအေးမောင်သန်းသည် ဆေးတက္ကသိုလ်(၂) ကလေးအထူးကုဆရာဝန်ကြီး (အငြိမ်းစား) အသက်(၇၀)နှစ် ရှိနေပြီဖြစ်သည်။

ဤကဲ့သို့ သီတင်းဝါလကျွတ်၍ သက်ကြီးဝါကြီးများကို သားသမီးများနှင့်တပည့်သားချင်းများက လာရောက်ကန်တော့ကြသည်မှာ ကျွန်မတို့၏ သီတင်းကျွတ်ကာလ ချစ်စရာမြန်မာ့ဓလေ့ထုံးစံပင်ဖြစ်ပါသည်။ လက်အုပ်ချီ၍ ကန်တော့ကြပြီး ဆုတောင်းမေတ္တာပို့ စကားစမြည်ပြောကြသည့်အခါမှာ တစ်ဦးနှင့်တစ်ဦးစေတနာ၊ မေတ္တာအပြည့်ဖြင့် နွေးထွေးမှုရရှိကြပါသည်။

"မမ ကျွန်တော်တို့ကို စာသင်တဲ့အခါမှာ (Rickets) ကလေးအရိုးပျော့ရောဂါသင်တဲ့အခါ ကလေးရဲ့ ရင်အုပ်က သမင်လိုက်ခွေးကြီးလို မို့မောက်နေပြီး ကလေးရဲ့ခြေထောက်က စန္ဒယားခြေထောက်ကြီးလို ခွင်နေမယ်ဆိုတာကို အခုထက်ထိအမှတ်ရတယ်။ ကျွန်တော်လည်းကလေးတွေကို စာသင်တဲ့အခါမှာ မမပြောသလိုသင်ခဲ့တယ်" ဟု အားရပါးရပြောပြီး စားသောက်ဖွယ်ရာများနှင့် ကန်တော့ခဲ့ပါသည်။ ယခုလည်း အမျိုးသမီးစွမ်းဆောင်ရှင်များ အသင်းမှ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်းများနှင့်အလှူငွေများကိုလည်း ကန်တော့ခဲ့ကြပါသည်။ အကျွေးအမွေးကို အလှူရှင် ဒေါ်ခင်ကြူကြူသန်း (အလုပ်အမှုဆောင်၊ စည်းရုံးရေးကော်မတီ)နှင့် ဒေါက်တာ်ဒေါ်ညိုညိုသိန်း (အလုပ်အမှုဆောင်၊ လူမှုရေးကော်မတီ)တို့က နတ်သုဒ္ဓါဒံပေါက်၊ ရေခဲမုန့်နှင့် အခြားစားဖွယ်များကို ကျွေးမွေးလှူဒါန်းခဲ့ကြပါသည်။ ကျွန်မလည်း ဝမ်းသာပီတိဖြစ်ပြီး ဆုတောင်းမေတ္တာပို့သပေးခဲ့ပါသည်။

အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းကို ၁၉၉၅ ခုနှစ်မှစ၍ တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ အသင်း၏ တည်ထောင်သူ အကြံပေးနာယက ဆရာမကြီး ဒေါ်ရီရီမြင့်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပါသည်။ ဥက္ကဋ္ဌကြီး ဒေါ်ဝါဝါထွန်းမှာ ပြည်ပသို့ ခရီးသွားနေပါသည်။ ဒုတိယဥက္ကဋ္ဌ ဒေါ်လှဝတီက နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်း၏လှုပ်ရှားမှုများ၊ ပြည်တွင်းပြည်ပစီးပွားရေးချိတ်ဆက်ပွဲများ၊ အသင်းဝင်သစ်များအကြောင်းကို ရှင်းလင်းတင်ပြပါသည်။ ထိုနေ့က အသင်းဝင်သစ် ၁၀ ဦးခန့် မိတ်ဆက်စကားများ ပြောကြားခဲ့သည်ကို ကြားနာရသည်မှာ အားတက်ဖွယ်ဖြစ်သည်။ ၎င်းမျိုးဆက်သစ်တို့မှာ ကုမ္ပဏီများ၏ ပိုင်ရှင်များ၊ CEO များ၊ မန်နေဂျာများဖြစ်ကြပြီး ထက်မြက်ကြသည်။ အသင်းဝင်များအားလုံးပေါင်း ၁၇၀၀ ခန့် ရှိသည်ဟု သိရှိရသည်။ ကျွန်မက ကန်တော့ခံဆရာမကြီးများ အားလုံးကိုယ်စား ကျေးဇူးတင်စကားနှင့် ဆုတောင်းမေတ္တာပို့သခဲ့ပါသည်။ ဤကဲ့သို့ မိဘ၊ ဆရာသမား၊ ကျေးဇူးရှင်များကို သားသမီးများနှင့် တပည့်သားချင်း ငယ်ရွယ်သူများက ဗုဒ္ဓဘာသာယဉ်ကျေးမှုထုံးတမ်းအစဉ်အလာတို့နှင့် ကန်တော့ကြသည်ကို ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမိသည်။

အမျိုးသမီးစွမ်းဆောင်ရှင်အသင်းသည် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ အသင်းတစ်ခုအနေဖြင့် ပေါ်လွင်ထင်ရှားစွာ ရပ်တည်ထူထောင်နိုင်ခဲ့ပါသည်။ အင်(န်)ဂျီအိုအဖွဲ့အစည်းတစ်ခုအသွင် လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်နှင့် အောင်မြင်ကြီးထွားလာစေရန်ရည်ရွယ်ပါသည်။ တိုးတက်ခေတ်မီသော စီးပွားရေးစီမံခန့်ခွဲမှု နည်းပညာများကို မြှင့်တင်ပေးရန်နှင့်နိုင်ငံတော်၏ စီးပွားရေးနှင့်လူမှုရေးဘဝများ ဖွံ့ဖြိုးတိုးတက်မှုကို တက်ကြွညီညွတ်စွာ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရပါသည်။

ထိုနေ့က အမျိုးသမီးစွမ်းဆောင်ရှင်များ ဝတ်စားဆင်ယင်မှုမှာ အင်္ကျီလက်ရှည်၊ ထမီများနှင့်ယဉ်ကျေးစွာ ဝတ်စားထားကြသည်ကိုတွေ့ရ၍ များစွာဝမ်းသာဂုဏ်ယူမိပါသည်။ မြန်မာ့ယဉ်ကျေးမှုအဝတ်အစားများနှင့် လူငယ်အမျိုးသမီးများ၏ လှုပ်ရှားမှုများမှာ နိုင်ငံခြားဧည့်သည်များနှင့် လက်ခံတွေ့ဆုံခြင်း၊ ဖိတ်ကြားထားသော နိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ ပြည်တွင်းစီးပွားရေးချိတ်ဆက်ပွဲများ၊ အသင်းဝင်များတွေ့ဆုံပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ အမျိုးဘာသာ၊ သာသနာ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများကို အသင်းကြီးပို၍တိုးတက်အောင်မြင်အောင် ညီညီညွတ်ညွတ်စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ အသင်းကြီးသည် ဤကဲ့သို့ စွမ်းဆောင်ရှင်များနှင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များဖြင့် အောင်အောင်မြင်မြင် ဆောင်ရွက်နေကြသည်ကို တွေ့ရ၍ ပျော်ရွှင်ကြည်နူးမိပါသည်။

ကျွန်မ၏ ကျန်းမာရေးအတွက် ပြည်ပသို့ သွားရောက်ဆေးစစ်နေချိန်တွင် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်အသင်းအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းခံရသည်ကို သိရှိရ၍ ပို၍ဝမ်းသာဂုဏ်ယူမိပါသည်။

ဂုဏ်ပြုလွှာကို ဖတ်ရခြင်းအားဖြင့် ကျွန်မသည် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပြီး နောင်လာမည့်နှစ်များတွင်လည်း ယခုကဲ့သို့ပင် နိုင်ငံအကျိုးပြုလုပ်ငန်းများဆိုင်ရာ ဘာသာ၊ သာသနာအရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

ကမ်းပါးပြိုကျမှုများကာကွယ်ရန် ဥပုတ်ချောင်းရေလမ်းကြောင်းလွှဲ

ကလေး အောက်တိုဘာ ၁၃

"ကလေးမြို့ ဥပုတ်ချောင်းသည် ချင်းတောင်ခြေရင်းမှ ချောင်းဖျားခံ စီးဆင်းလာခြင်းဖြစ်ပြီး မိုးရွာလို့ရေကြီးပြီဆိုလျှင် ရေတွေက ဝါးလုံးထိုးစီးဆင်းပါတယ်၊ ရေစီးကသန်တော့ ကမ်းပါးတွေပြိုကျတာရှိတယ်၊ တချို့တတ်နိုင်တဲ့အိမ်တွေက ရေထိန်းနံရံတွေကို ဆောက်ကြတယ်၊ ရေကာတွေလုပ်ကြတယ်၊ ပုံစံကမကျတော့ ရေတွေက စီးချင်သလို စီးတယ်၊ ကမ်းပါးတွေကို ဦးတိုက်ပြီး မြေတွေကပြိုတော့တာပဲ" ဟု ဒေသခံတစ်ဦးကပြောသည်။

"မြစ်တွေ၊ ချောင်းတွေက ပြေပြေလေးနှင့် ဦးတိုက်တာတွေမရှိဘဲ စီးဆင်းမှ ကမ်းပါးပြိုတာတွေကနေ ကင်းဝေးမှာ ဖြစ်ပါတယ်၊ နှင်းသက်သက်ဝေအနီး တံတားဦးထိပ်ဆိုလျှင် ကမ်းပါးတွေက တော်တော်လေးကို ပြိုကျနေပါတယ်၊ ကြာရင် ဗိုလ်ချုပ်လမ်းကိုထိလာမှာတောင် စိုးရိမ်ရပါတယ်၊ အဲဒီနေရာတွေကိုလည်း ရေကာတွေဆောက်ဖို့ စဉ်းစားထားပါတယ်၊ ရေလမ်းကြောင်းဖြောင့်တဲ့အခါမှာလည်း ချောင်းဧရိယာထဲတိုးပြီး ကျူးကျော်ဆောက်လုပ်နေတဲ့ အိမ်တွေရှိတယ်၊ အဲဒါတွေကိုလည်းဖယ်ခိုင်းရမယ်၊ မဖယ်ခိုင်းဘူးဆိုရင် သူတို့တွေနှစ်စဉ်ဒုက္ခရောက်မှာပဲ"ဟု ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပြောသည်။

ဥပုတ်ချောင်း ရေလမ်းကြောင်း ကာကွယ်ရန်အတွက် မြေထိုးစက်သုံးစီးဖြင့် ဆောင်ရွက်နေပြီး မြေထိုးစက်များကို မြို့မိမြို့ဖများထံမှ အကူအညီတောင်းကာ ဆီအား တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ်အစီအစဉ်ဖြင့် ဆောင်ရွက်ကြောင်းသိရသည်။

ဥပုတ်ချောင်းကို မြေထိန်းနံရံ ပြုလုပ်နိုင်ရန်အတွက် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် အထောက်အကူပြုအဖွဲ့၊ စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီတို့နှင့် ပူးပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်ပင်ကာ ဆောင်ရွက်နေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(လင်းလက်ကြယ်စင်)**

မလေးရှားနိုင်ငံ မြန်မာအလုပ်သမားအမျိုးသမီးများအား လစာအပြည့်အဝပေးရန် သဘောတူလိုက်ပြီ

ဂျိုဟိုးဘာရူး အောက်တိုဘာ ၁၃

မလေးရှားနိုင်ငံ ဂျိုဟိုးဘာရူးပြည်နယ် စီနိုင်းမြို့ ဖုန်စုပ်စက်များထုတ်လုပ်သော Flextronic စက်ရုံသို့ မြန်မာနိုင်ငံမှ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာအမျိုးသမီးဝန်ထမ်း ၃၆၀ ခန့်မှာ လစာအပြည့်အဝ မရရှိကြသဖြင့် စက်ရုံအုပ်ချုပ်ရေးပိုင်းနှင့် အခြေအတင်ဖြစ်နေကြကြောင်း ပြီးခဲ့သည့် သီးတင်းပတ်က မလေးရှားရောက် မြန်မာနိုင်ငံသားများ၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

မူလကစက်ရုံနှစ်ရုံရှိသော်လည်း မကြာသေးမီကပင် စက်ရုံတစ်ရုံ ပိတ်သိမ်းလိုက်သဖြင့် ပိတ်သိမ်းလိုက်သော စက်ရုံမှ မြန်မာအလုပ်သမားများမှာ အခြားစက်ရုံတွင် ဆက်လက်အလုပ်ဆင်းခဲ့ကြရသည်။

မြန်မာအလုပ်သမား အမျိုးသမီးများအား ပြီးခဲ့သော စက်တင်ဘာလအတွက် လစာကို တစ်ဦးလျှင် ရင်းဂစ် ၅၀ မှ ၂၀၀ အကြားသာပေးသည်ဟု သိရပြီး အောက်တိုဘာ ၈ ရက် မလေးရှားစံတော်ချိန် နံနက် ၇ နာရီခန့်တွင် စက်ရုံမှ တာဝန်ရှိသူများက မြန်မာအလုပ်သမားခေါင်းဆောင် ငါးဦးကို လစာကိစ္စဆွေးနွေးရန် အဆောင်မှ လာရောက်ခေါ်ယူခဲ့ပြီး စက်ရုံမှ ဝန်ထမ်းများအား စားစရိတ်အလို့ငှာ ချေးငွေအဖြစ် ရင်းဂစ်အနည်းငယ် ထုတ်ပေးမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့ကြသည်။ ထို့နောက် Flextronics Technologies Sdn Bhd မှ လစာအပြည့်အဝမရရှိကြသော မြန်မာအလုပ်သမားများအား ချေးငွေရင်းဂစ် ၂၀၀ မှ ၃၀၀ စီထုတ်ပေးရန်နှင့် ယခု အောက်တိုဘာလမှစတင်ပြီး အခြေခံလစာ ရင်းဂစ် ၉၀၀ အပြည့်အဝပေးရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၉ ရက်တွင် ၎င်းတို့၏ဆက်သွယ် ပြောပြချက်အရ သိရသည်။ **(ဝ၄၀)**



ကင်းထောက်မိတ်ဆက်

ကင်းထောက်ဟူသည် စစ်သဘောမပါ၊ နိုင်ငံရေးမစွက်၊ လူမှုဝန်ထမ်းသက်သက်ကိုသာ ဆောင်ရွက်ကြရသူများ၊ တာဝန်သိသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် လူငယ်လူရွယ်များအား ပုံသွင်းဖန်တီးပေးရန်၊ လူငယ်လူရွယ်များ၏ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တကောင်းမွန်စေရန်နှင့် မိမိကိုယ်ကို အားကိုးတတ်ရန်၊ အကြီးအကဲတို့၏ အမိန့်နှင့်သွန်သင်မှုများကို ရိုသေလိုက်နာတတ်စေရန်တို့ကို ဆရာတင်နိုင်တိုးက ဤစာအုပ်တွင် ညွှန်းဆိုထားသည်။ ထို့အပြင် ကင်းထောက်အသင်းဆိုင်ရာများကို ဝေဝေဆာဆာ တင်ပြထားသည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉) လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

မှန်ထဲကကျွန်မက မှန်ရှေ့ကကျွန်မကိုနှင့် ရသစာစုများ



၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ထွက်ရှိပြီးဖြစ်သော မဂ္ဂဇင်း၊ ဂျာနယ်များမှ ဝါဝါထင်လင်းရေးသားသည့် ဝတ္ထုဆောင်းပါးများကို စုစည်းထားသော 'မှန်ထဲကကျွန်မက မှန်ရှေ့ကကျွန်မကိုနှင့်ရသစာစုများ' စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြင်ယောင်မြင်ဝါး၊ ဒါသည်လည်းမေတ္တာဗျူဟာတစ်ခုပါ၊ အဟောင်းမို့ အကြောင်းနားလည်၊ ခံစားရတယ်၊ သနားတယ်၊ ကြင်နာချင်တယ်ဆိုတာ၊ စေတနာကို ရည်ပျော်သူ၊ သားကြီး လမ်းကောင်းကောင်းလျှောက်နိုင်ဖို့၊ ပုဒ်မတပ်စရာမလိုဘဲ ပြစ်ဒဏ်ခံရမည့်သူ စသည့် ဝတ္ထုတိုများပါဝင်သည်။ စာအုပ်ကို ရန်အောင်စာပေ အထက(၁)ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ် (H)၁၂လုံးတန်း မှတ်တိုင်အနီး ရန်ကင်းမြို့နယ် ဖုန်း-၀၉-၅၁၇၉၃၉၈ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

ခရမ်းမြို့နယ်အသင်း မဂ္ဂဇင်းထုတ်ဝေ

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ထုတ်ဝေသည့် မြရည်လွင်ပြင် မဂ္ဂဇင်းကို ယခုလအတွင်း ထုတ်ဝေလိုက်သည်။ မဂ္ဂဇင်းတွင် ဝတ္ထုတို၊ ကဗျာ၊ အက်ဆေး၊ တစ်မျက်နှာဝတ္ထုတို၊ ဝတ္ထုရှည်၊ အထူးဆောင်းပါး စသည့် သုတ၊ ရသစုံ ဝေဝေဆာဆာ စုံလင်စွာပါရှိသည်။

မဂ္ဂဇင်းကို စွယ်တော်ပုံနှိပ်တိုက်က ရိုက်နှိပ်၍ မြန်မာမြင့်စာပေက ထုတ်ဝေသည်။ ဖြန့်ချိရေးကို ရန်ကုန်အတွက် ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အယ်ဒီတာအဖွဲ့ ဖုန်း ၀၁-၅၄၉၃၃၉နှင့် ခရမ်းမြို့နယ်အတွက် ဒုတိယဥက္ကဋ္ဌ ဦးမြင့်လှိုင် ဖုန်း-၀၉-၈၆၄၅၅၅၇၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးအေးကို ဖုန်း-၀၅၆-၃၀၁၄၅၊ စည်းရုံးရေးမှူး ဦးစောဝင်း ဖုန်း-၀၅၆-၃၀၁၉၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရပြီး စာအုပ်တန်ဖိုးမှာ ကျပ်၂၀၀၀ ဖြစ်သည်။

သုတပဒေသာစာစောင် ဖြန့်ချိ



ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ လစဉ်ထုတ်ဝေလျက်ရှိသော ဘာသာပြန်မဂ္ဂဇင်းဖြစ်သည့် အောက်တိုဘာလထုတ် သုတပဒေသာစာစောင်ကို ထုတ်ဝေဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် Cover Story များအဖြစ် အသားအရောင်ခွဲခြားမှုကို အသက်စွန့် တိုက်ဖျက်ခဲ့သည့် နိုဘယ်ဆုရှင် မာတင်လူသာကင်း၏ ကမ္ဘာကျော်မိန့်ခွန်း ရွှေရတုသဘင်၊ ငွေကြေးပုံအောသုံးစွဲလျက်ရှိသည့် အင်္ဂလန်ဘောလုံးလောကမှ စောင့်ကြည့်ရမည့် ပရီမီယာလိဂ်ကစားသမားများ၊ Miss Supranational ပြိုင်ပွဲတွင် ဆုလေးဆုရ ခင်ဝင့်ဝါအပါအဝင် မျက်မှောက်ကမ္ဘာ့ရေးရာ၊ ပျို့မေတို့အသည်းစွဲ ဂျပ်စတင်ဘီဘာ၊ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး တရုတ်မင်းသမီး ဂေါင်လီစသည့် အနုပညာကဏ္ဍအကြောင်း တင်ဆက်နေကျ ငွေကြယ်ပွင့်တို့ ကမ္ဘာဆောင်းပါးများကို ဖတ်ရှုရမည်ဖြစ်သည်။

သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၁၆၀၀ ဖြင့် ရောင်းချပေးလျက်ရှိပြီး ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ နေပြည်တော်သပြေကုန်းဈေးရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ မန္တလေးမြို့ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၂-၃၀၁၈၆နှင့်အမြို့မြို့အနယ်နယ်ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။

ကမ္ဘာလှည့်ခရီးသွားများအား လိုအပ်သောအကူအညီများဆောင်ရွက်ပေးလျက်ရှိသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့

တွေး[illegible]
စိုးကြ[illegible]

များမကြာမီ ပွင့်လင်းရာသီရောက်တော့မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသဖြင့် ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားစွာ မြန်မာနိုင်ငံသို့လာရောက် လည်ပတ်လာကြသည်။ မြန်မာနိုင်ငံတွင် ရေမြေတောတောင်စိမ့်စမ်းသဘာဝအလှအပများ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်ရှေးဟောင်းအမွေအနှစ် စေတီပုထိုးအဆောက်အအုံများကို ကမ္ဘာလှည့်ခရီးသည်များလာရောက်ကြည့်ရှု လေ့လာကြသည်မှာ ဝင်လာမစဲ တသဲသဲပင်။

ဤသို့မြန်မာနိုင်ငံသို့လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသွားများအား မြန်မာနိုင်ငံအတွင်း သွားလာနေထိုင်စဉ် လိုအပ်သောအကူအညီများကို ကူညီဆောင်ရွက်ပေးရန်၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ်၊ ပုဂံ-ညောင်ဦးဒေသတို့၌ ဧပြီ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

ယင်းသို့ဖွဲ့စည်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြည့်စုံစွာသိရှိနိုင်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး(ရန်ကုန်)ဒုတိယရဲမှူး သန်းမြင့်ဇော်အား ကြေးမုံသတင်းအဖွဲ့သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကျိုက်ထီးရိုး ရင်ပြင်ပေါ်တွင် မြူနှင်းတဖွဲဖွဲကြားက ကမ္ဘာလှည့်ခရီးသည်များအား ဤသို့ကူညီဆောင်ရွက်နေစဉ်။

မေး။ လက်ရှိကမ္ဘာလှည့်ခရီးသွားများလာရောက်မှု ပိုမိုများလာတဲ့အပေါ်မှာ ဘယ်လိုဖြန့်ကြက် ဆောင်ရွက်နေပါသလဲ။

ဖြေ။ ကမ္ဘာလှည့်ခရီးသွားများ သွားလာတတ်တဲ့ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ အမျိုးသားပြတိုက်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်ဘူတာကြီး၊ ပန်းဆိုးတန်း-ဒလဆိပ်ကမ်းတို့မှာ တပ်ဖွဲ့ဝင်တွေတာဝန်ချထားပြီး ကမ္ဘာလှည့်ခရီးသည်များ လုံခြုံရေးနဲ့အခက်အခဲများရှိပါက ကူညီဆောင်ရွက်လျက်ရှိပါတယ်။ ပွင့်လင်းရာသီမှာလည်း ယခုအတိုင်းဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ ရန်ကုန်မှာ ကမ္ဘာလှည့်နဲ့ပတ်သက်တဲ့ အမှုအခင်းမဖြစ်တာဟာ ဘယ်လိုစီမံချက်တွေနဲ့ ဆောင်ရွက်နိုင်လို့ဖြစ်ပါသလဲ။

ဖြေ။ ကျွန်တော်တို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ရန်ကုန်)က တပ်ဖွဲ့ဝင်တွေဟာ ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားသားများ အများဆုံးသွားလာတတ်တဲ့နေရာတွေမှာ နယ်မြေခံရဲတပ်ဖွဲ့၊ အခြားမိတ်ဖက်အဖွဲ့အစည်းများဖြစ်တဲ့ လုံခြုံရေးအဖွဲ့အစည်းများ၊ သတင်းအဖွဲ့များနဲ့ ပူးပေါင်းပြီး လုံခြုံရေးကို စနစ်တကျ တာဝန်ထမ်းဆောင်လျက်ရှိတာကြောင့် ရန်ကုန်မြို့တွင် အမှုအခင်းကြီးကြီးမားမားဖြစ်ပေါ်မှုမရှိတာ ဖြစ်ပါတယ်။

မေး။ ရန်ကုန်အခြေစိုက်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့အနေနဲ့ ရန်ကုန်မြို့ရဲ့ ဘယ်လိုနေရာတွေမှာ ဖြန့်ကြက်ဆောင်ရွက်ထားပါသလဲ။

ဖြေ။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးတပ်ဖွဲ့ တပ်ဖွဲ့စု(ရန်ကုန်)အနေနဲ့ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်စေတီတော်၊ အမျိုးသားပြတိုက်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်ဘူတာကြီး၊ ပန်းဆိုးတန်း-ဒလဆိပ်ကမ်းတို့မှာ လုံလောက်သောတပ်ဖွဲ့ဝင်များနဲ့ လုံခြုံရေးကို ဖြန့်ကြက်ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ကမ္ဘာလှည့်ခရီးသွားတွေသွားလာတဲ့အခါမှာ လုံခြုံရေးအတွက်ဘယ်လိုပုံစံနဲ့ ဆောင်ရွက်ပေးပါသလဲ။

ဖြေ။ ကမ္ဘာလှည့်ခရီးသွားများအနေနဲ့ ဥပမာ- အပျော်စီးသင်္ဘော၊ စင်းလုံးငှားသင်္ဘောများနဲ့ လာရောက်လည်ပတ်တဲ့အခါ သက်ဆိုင်ရာဌာနများ (ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်းစသည်တို့ဖြင့်)ပူးပေါင်းပြီး ကမ္ဘာလှည့်ခရီးသည်များ စိတ်ရွှင်လန်းစွာနဲ့ လည်ပတ်သွားလာနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ကမ္ဘာလှည့်ခရီးသွားများတည်းခိုတဲ့ ဟိုတယ်တွေမှာရော ဘယ်လိုဆောင်ရွက်ပေးနေပါသလဲ။

ဖြေ။ ဟိုတယ်တွေမှာ ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားသားများနဲ့ပတ်သက်လို့ အခက်အခဲပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာရင် သက်ဆိုင်ရာဟိုတယ်တွေက အကြောင်းကြားလာပါက နယ်မြေခံရဲတပ်ဖွဲ့ စခန်းများနဲ့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ အခုကမ္ဘာလှည့်ခရီးသွားများလာတဲ့အပေါ်မှာ လုံခြုံရေးအင်အားလုံလောက်မှုရှိပါသလား။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ဗိုလ်ချုပ်အောင်ဆန်းဈေးအတွင်း စက်တင်ဘာလ ၂၂ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်က ပျောက်ဆုံးခဲ့သော ထိုင်းနိုင်ငံသူ Ms. Phatarawztee Phataranzwik ၏ Cannon အမျိုးအစား အနီရောင် ဒစ်ဂျစ်တယ် ကင်မရာအား စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ပြန်လည်ပေးအပ်နေစဉ်။

ပြည်သူ့သား

✻ တွင်းပြင်ရန်မြို့ ကင်းစင်ဖြိုရေး
ပြည်သူပေးအပ်၊ တာဝန်မြတ်တည့်။
✻ တာဝန်စေ၍
မြေကျူး, ထောင်ထား၊ ဒွိရန်များကို
ကျောသား ရင်သား၊ မခွဲခြားဘဲ
တရားစစ်, မှန်မခြွင်းချန်ဘဲ
တာဝန်သုံးရပ်၊ မျက်ခြည်မပြတ်ဘဲ
လွတ်လပ်ပြီး၍၊ ဤယနေ့တိုင်
ရှေ့တန်း ရှိမြဲ၊ နွဲရဆဲတည့်။
✻ စစ်မြေပုံရိပ်၊ ကြောက်လန့်ထိတ်ဖွယ်
အနိဋ္ဌာရုံ၊ အဖုံဖုံကို
တွေ့ကြုံခံစား၊ ပြည်သူ့သားတည့်။
✻ နောက်တန်းအပြန်
တချို့ကျန်ရစ်၊ မောင်နံ့ဘက်မဲ့
ဖခင်မဲ့ပုံ၊ ဖြစ်မျိုးစုံလည်း
တွေ့ကြုံခံစား၊ ပြည်သူ့သားတည့်။
✻ တို့နည်းတူပေ၊ ဖြစ်ဆိုးတွေကို
မသွေခံစား၊ တစ်ဖက်သား၏
များလှဒုက္ခာ၊ ကိုယ်ချင်းစာ၏။
✻ အေးရိပ်ထဲမှာ၊ အနေကြာသော
သူငါတွေထက်၊ စစ်မြေထွက်၍
အသက်ခန္ဓာအပြင်၊ သံယောဇဉ်ပါ
မခင်စွန့်ထား၊ ပြည်သူ့သားက
အများမြော်တွေး၊ 'ငြိမ်းချမ်းရေး' ကို
ပိုက်ထွေးခင်မင်၊ ပိုလိုချင်၏
သို့ပင်ဖြစ်ငြား၊ ဝန်ရှိထား၍
တရားစစ်နွဲ၊ ရှေ့ထွက်မြဲတည့်။
✻ ဩော်ညီနောင်သွေးချင်း၊ စစ်မခင်းလို
ချင်းနင်းထိပါး၊ ရန်စွယ်များသာ
"နောက်ပါးပြည်သူ့၊ ထောက်ခံမှုဖြင့်
ပြည်သူ့သားတွေ၊ ရှေ့မှာနေပြီး"
မိမြေလုံခြုံ၊ သက်သွေးပုံကာ
စွမ်းကုန်ကာကွယ်ပေးချင်၏။
ဆန္ဒအမှန် ရင်ထဲရှိ။
မိဘပြည်သူ နားလည်ဘိ။
ငြိမ်းချမ်းရေးလည်း ရစေတည့်။ ။

ကို(တက္ကသိုလ်)

သာကေတမြို့နယ်၌ ပေါက်ကွဲမှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၁၃

ချိန်ကိုက်ဗုံးတစ်လုံးကို ကလေးငယ်များ တွေ့ရှိဖွင့်ဖောက်ရာ အဆိုပါဗုံး၌ တပ်ဆင်ထားသည့် စနက်တံ(ဒီတိုနေတာ) ပေါက်ကွဲမှုတစ်ခု ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်ကြားရှိ ယမုံနာလမ်းမကြီးပေါ်၌ ယနေ့ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမုံနာလမ်းမကြီးပေါ်ရှိ မာန်ပြေနှင့် ဂိတ်ဟောင်းမှတ်တိုင်ကြားရှိ အခွန်လွတ်ဈေးရှေ့ပလက်ဖောင်းပေါ်တွင် နာရီ၊ ဝါယာကြိုး၊ အမည်အတည်မပြုနိုင်သေးသော ယမ်းတို့ကို တိပ်ဖြင့်ပတ်၍ ပလတ်စတစ်အိတ်အမည်းရောင်ဖြင့် ထုပ်ထားသော ချိန်ကိုက်ဗုံးကို ကလေးငယ်နှစ်ဦးက တွေ့ရှိ၍ အဆိုပါဗုံးတွင် တပ်ဆင်ထားသည့် နာရီခလုတ်ကို လှည့်ကြည့်မိရာမှ အဆိုပါဗုံးရှိ စနက်တံပြုတ်ထွက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပေါက်ကွဲမှုကြောင့် အဆိုပါချိန်ကိုက်ဗုံးကို တွေ့ရှိခဲ့သည့် မောင်ထက်အောင်နိုင်(၁၄)နှစ်နှင့် မောင်ဝင်းမင်းထွေး(၁၄)နှစ် ဒေါပုံမြို့နယ်နေသူနှစ်ဦးမှာ လက်နှင့် ခြေထောက်များတွင် ပေါက်ပြဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုဖြစ်ပြီး မိနစ်ပိုင်းအတွင်း အခင်းဖြစ်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီးမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ လာရောက်စစ်ဆေးရှင်းလင်းရာတွင် မပေါက်ကွဲဘဲ ကျန်ခဲ့သည့် အမျိုးအမည်ခွဲခြားနိုင်ခြင်းမရှိသေးသည့် ယမ်းတစ်တုံး၊ ချိန်ကိုက်နာရီ တစ်လုံးနှင့် အဖြူနှင့် အဝါကျားဝါယာကြိုးခွေတို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ရန်ကုန်မြို့တွင် တစ်ရက်တည်း၌ နေရာနှစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းနှင့် ပတ်သက်၍ "ပြည်သူတွေအနေနဲ့ ဒီလိုကိစ္စတွေကို အမြဲသတိရှိဖို့လိုပါတယ်။ မိမိပတ်ဝန်းကျင်မှာ မသင်္ကာစရာပစ္စည်းမျိုးတွေ့ရင် သက်ဆိုင်ရာကို အမြန်ဆုံးအကြောင်းကြားဖို့ လိုပါတယ်။ ဒီကိစ္စကို လုပ်နေတဲ့သူတွေက နေရာပျံ့အောင် လုပ်နေကြတဲ့သဘောရှိတယ်။ မနက်ကစော်ဘွားကြီးကုန်းဖြစ်စဉ်နဲ့ အခုဖြစ်စဉ်က အတူတူပဲ။ ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်၊ စည်းစိမ်လုံခြုံရေးအတွက် အစွမ်းကုန်ကြိုးစားနေပါတယ်။ မိဘပြည်သူများဘက်ကလည်း တာဝန်သိသိနဲ့ ပူးပေါင်းပါဝင်စေဖို့ တိုက်တွန်းလိုပါတယ်" ဟု ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်အေးက ပြောသည်။ **(သီဟသူ)**

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

❖ **တပ်မတော်မှ**
အာဘစစ်ဒေသခွဲမှူး Senior Colonel Liu Gui Zhong တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ကျိုဇိုက်ကုပ်မြို့သို့ ရောက်ရှိကြသည်။

ကျိုဇိုက်ကုပ်မြို့သည် စီချွမ်ပြည်နယ် ချန်ဒူးမြို့၏ မြောက်ဘက် ကီလိုမီတာ ၅၀၀ အကွာတွင် တည်ရှိသော သာယာလှပသည့် တောင်ပေါ်အပန်းဖြေစခန်းမြို့ဖြစ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Sheraton Jiuzhaigou Resort ကပွဲခန်းမ၌ တိုင်းရင်းသားလူမျိုးစုများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(မြဝတီ)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း သံတွဲဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၃

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှဟန်တို့သည် ယနေ့နံနက် ၉ နာရီတွင် သံတွဲမြို့နယ် မဲကျွန်းကျေးရွာရှိ မီးလောင်ပျက်စီးသည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး**(ဝဲပုံ)** ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ရွာသူရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်လည်ထူထောင်ရေးအတွက် ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၁၀-၂၀၁၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)တွင် ဖော်ပြခဲ့သော မေးမြန်းဖြေကြားသတင်းတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပသည့်ရက်ကို အောက်တိုဘာ ၇ ရက်နေ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(ကြေးမုံ)**

✻ စာမျက်နှာ ၇ မှ

ဖြေ။ ကျွန်တော်တို့တပ်ဖွဲ့အနေနဲ့ ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများအပေါ် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနဲ့အတူ လုံခြုံရေးအင်အားအပြည့်အဝနဲ့ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

မေး။ ရန်ကုန်မှာ အခြားဘယ်နေရာတွေကို ကွပ်ကဲနေပါသလဲ။

ဖြေ။ ကျွန်တော်တို့တပ်ဖွဲ့စု(ရန်ကုန်)အနေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားစွာနဲ့ လည်ပတ်လျက်ရှိတဲ့ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးစေတီတော်မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ တပ်ဖွဲ့ဝင်တွေကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါတယ်။

မေး။ ကမ္ဘာလှည့်ခရီးသည်တစ်ဦးချင်းစီက လုံခြုံရေးအတွက် အခြားနိုင်ငံများလို သီးခြားတစ်ဦးစီ ငှားရမ်းအသုံးပြုမှုများရှိပါသလား။

ဖြေ။ ကမ္ဘာလှည့်ခရီးသွားများအနေနဲ့ ကျွန်တော်တို့တပ်ဖွဲ့ကို လုံခြုံရေးအတွက် အခြားနိုင်ငံတွေလို ငှားရမ်းအသုံးပြုမှုမရှိပါဘူး။ ၎င်းတို့အစီအစဉ်နဲ့ ဧည့်လမ်းညွှန်ကိုသာ ငှားရမ်းအသုံးပြုလျက်ရှိပါတယ်။

မေး။ သွားလာရင်း ကျန်းမာရေးကိစ္စအရ အကူအညီပေးလိုက်ရတဲ့ ဖြစ်စဉ်များရှိပါသလား။

ဖြေ။ ကမ္ဘာလှည့်ခရီးသွားများအနေနဲ့ ကျန်းမာရေး၊ လူမှုရေးနဲ့ ဘယ်လိုအခက်အခဲကိုမဆို လာရောက်အကူအညီတောင်းခံပါက ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

မေး။ တာဝန်ထမ်းဆောင်နေရတဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ အရည်အသွေးမြင့်မားအောင်ရော ဘယ်လိုဆောင်ရွက်မှု တွေရှိပါသလဲ။

ဖြေ။ ကျွန်တော်တို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေရဲ့ အရည်အသွေးမြင့်မားစေဖို့အတွက် International Language ဖြစ်တဲ့ English Speaking နဲ့ အခြားဘာသာစကားတွေကိုလည်း စဉ်ဆက်မပြတ်လေ့လာကာ သင်တန်းတွေတက်ရောက်ပြီး အခြားသောအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

မေး။ ယခုလိုလုံခြုံရေးဆောင်ရွက်မှုကြောင့် ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုအပေါ် အကျိုးသက်ရောက်တဲ့ အခြေအနေဘယ်လိုရှိပါသလဲ။ ကမ္ဘာလှည့်တွေရဲ့ ကျေနပ်မှုတွေရော ဘယ်လောက်အတိုင်းအတာထိရပါသလဲ။

ဖြေ။ ကျွန်တော်တို့တပ်ဖွဲ့အနေနဲ့ မြန်မာနိုင်ငံကို ဝင်ရောက်လာတဲ့ ကမ္ဘာလှည့်ခရီးသည်တွေရဲ့ အကျိုးစီးပွားလုံခြုံရေးအတွက် စောင့်ရှောက်ပေးခြင်း၊ ပြည်တွင်းခရီးသွားလာမှုများမှာ အနှောင့်အယှက်ကင်းစွာနဲ့ အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊ ကမ္ဘာလှည့်ခရီးသွားများရှိတဲ့နေရာတွေမှာ ပတ်ဝန်းကျင်လုံခြုံမှုရှိစေရန် သက်ဆိုင်ရာဌာနများ၊ ခရီးသွားလုပ်ငန်းအေဂျင်စီများနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းတွေကြောင့် ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်လည်ပတ်မှုပိုမိုများပြားလာတဲ့ အကျိုးသက်ရောက်မှု ရှိပါတယ်။

ဤသို့ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးတပ်ဖွဲ့၏ ဆောင်ရွက်မှုကို ကမ္ဘာလှည့်ခရီးသွားများက သဘောကျ ကျေနပ်လျက်ရှိသည့်အတွက် နောင်အနာဂတ်၌ ပြည်ပခရီးသွားလုပ်ငန်းများသည် နိုင်ငံတော်၏ မီးခိုးမထွက်သော စက်ရုံများအဖြစ် နိုင်ငံတော်ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်တင်းပေးလာတော့မည်ဖြစ်ပေသည်။ ။

စော်ဘွားကြီးကုန်းကားမှတ်တိုင် ပေါက်ကွဲမှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၁၃

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ပြည်လမ်းရှိ စော်ဘွားကြီးကုန်း အဝေးပြေးလမ်းယာဘက်ခြမ်း စော်ဘွားကြီးကုန်း ဘတ်စ်ကားမှတ်တိုင် နားနေဆောင် အနောက်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၁၂ ရက် ည ၁၂ နာရီ ၁၅ မိနစ်တွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ပြည်လမ်းရှိ စော်ဘွားကြီးကုန်းအဝေးပြေးဝင်းရှေ့ ရန်ကုန်-ပြည်ကားလမ်းဘေး စော်ဘွားကြီးကုန်း ကားမှတ်တိုင် နားနေဆောင်နောက်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ပေါက်ကွဲမှုဖြစ်သည့် နေရာမှာ ရန်ကုန်-ပြည်ကားလမ်းဘေး ရန်ကုန်ဘက်မှ မင်္ဂလာဒုံဘက်သို့သွားသည့် ဘယ်ဘက်ခြမ်း ကားမှတ်တိုင်ရှိ အမြင့် ၁၁ ပေ၊ အလျား ၄၇ ပေ ခန့်ရှိ ခရီးသည်နားနေဆောင်မှ ပေ ၄၀ ခန့်ရှိ ထိုင်ခုံ၏တောင်ဘက် အစွန်းနောက်ကျောဘက်ကပ်လျက် အောက်ခြေသမံတလင်းပေါ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သမံတလင်းတွင် အနက်သုံးလက်မခန့်၊ အကျယ် တစ်ပေပတ်လည်ခန့်ရှိ ချိုင့်ခွက်ဖြစ်ကာ ခရီးသည် နားနေဆောင် အုတ်ကြွပ်အမိုး၊ ထိုင်ခုံ၊ ကျောက်ပြား၊ ကြော်ငြာဆိုင်းဘုတ်တို့ ပျက်စီးသွားကြောင်း၊ လူထိခိုက်မှုမရှိဘဲ နားနေဆောင် နောက်မှီကြော်ငြာဆိုင်းဘုတ်များ ပွင့်ထွက်၍ ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ပေါက်ကွဲမှုနှင့်ပတ်သက်၍ အခင်းဖြစ်နေရာသို့ မိုင်းရှင်းလင်းရေးအတွက် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းက ရောက်ရှိစစ်ဆေးခဲ့ရာ ပေါက်ကွဲသည့် နေရာ၏ မြောက်ဘက် ပေ ၄၀ ခန့်အကွာ ပလက်ဖောင်းပေါ်ရှိ လျှပ်စစ်ဓာတ်တိုင်၏ နောက်ဘက် အမှိုက်ပုံအနီးတွင် ကြွပ်ကြွပ်အိတ်အနက်ရောင်နှင့် ထည့်ထားသည့် လက်လုပ်မိုင်း တစ်လုံး ထပ်မံတွေ့ရှိခဲ့ကြောင်း၊ အခင်းဖြစ်ရပ်သို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီး၊ တပ်နယ်မှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးခဲ့သည်။ အခင်းဖြစ်အရပ်ကို တာဝန်ရှိသူများက အသေးစိတ်ထပ်မံရှင်းလင်းရာ နံနက် ၄ နာရီတွင် ရှင်းလင်းမှုပြီးစီးခဲ့ပြီး ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။ ထို့နောက် လုံခြုံရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အသက်နှင့်ပစ္စည်းဥစ္စာ ထိခိုက်အန္တရာယ် ဖြစ်စေရန် ပေါက်ကွဲစေမှု ပြုလုပ်ခဲ့သူအား အင်းစိန်မြို့မ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

အတွေး၊ အရေး **သွင်လန်း**

ကျောင်းအုပ်နှင့် ကျောင်းပြေး

ကျောင်းမသွားချင်ရင် အိမ်နှင့်ကျောင်းကြားမှာ အချိန်ဖြုန်းနေတတ်တဲ့ကျောင်းသားကို ကျောင်းပြေးလို့ အမည် တပ်လေ့ရှိကြပါတယ်။ ကျွန်တော်လည်း ငယ်ငယ်က ကျောင်းပြေးခဲ့ဖူးပါတယ်။ ဒါပေမယ့် ကျွန်တော်ကျောင်းပြေးတာက အများနဲ့ မတူပါဘူး။ ကျွန်တော့်ကျောင်းပြေးအတွေ့အကြုံလေးကို ပြန်တွေးတောနေမိပါတယ်။ ကျွန်တော်ဟာ အစ်ကိုဖြစ်သူနဲ့ လေးနှစ်ကြီး လေးနှစ်ငယ်ဖြစ်လို့ အစ်ကိုဖြစ်သူ စတုတ္ထတန်းအောင်လို့ မူလတန်းကျောင်းကနေ အလယ်တန်းကျောင်းကိုပြောင်းတဲ့နှစ်မှာ ကျွန်တော်တစ်ယောက်တည်း မူလတန်းကျောင်းမှာ ကျန်ခဲ့ပါတယ်။ အဲဒီနေ့က အမေဟာ အစ်ကို့အတွက် ကျောင်းပြောင်းလက်မှတ်လိုက်ယူရင်း ကျွန်တော့်ကို ကျောင်းလိုက်ပို့ပါတယ်။ အမေနဲ့အစ်ကို ဆရာကြီးကိုနှုတ်ဆက်ပြီး လှည့်ထွက်မယ်အလုပ်မှာ ကျွန်တော့်စိတ်ထဲက "ငါတစ်ယောက်တည်း ဒီကျောင်းမှာ ကျန်ခဲ့မှာပါလား" လို့ တွေးမိပြီး စိတ်ထဲမှာ ဆို့နင့်နင့်ဖြစ်သွားမိပါတယ်။

"အမေ သားမနေခဲ့ချင်ဘူး၊ အစ်ကို့နောက်ကိုလိုက်မယ်"၊ "အိုသားရယ် အစ်ကိုတို့ကျောင်းက ငါးတန်းက စတက်ရတာ၊ သားတို့လိုတစ်တန်းကလေးတွေတက်လို့မရဘူးသားရဲ့" "မသိဘူး၊ သားမနေခဲ့ချင်ဘူး၊ လိုက်မှာပဲ၊ လိုက်မှာပဲ" ကျွန်တော်ပြောပြောဆိုဆိုနဲ့ အစ်ကို့လွယ်အိတ်ကိုဆွဲထားမိပါတယ်။ "ဩော် သားရယ် အစ်ကိုက ညနေကျောင်းဆင်းရင် အိမ်ပြန်လာမှာပဲဟာ၊ သားမငိုနဲ့နော် တိတ်တိတ်။ ဟောဟိုမှာ သားသူငယ်ချင်းတွေလာခေါ်နေပြီ။ သွားသွား ကျောင်းမတက်ခင်သူတို့နဲ့ ကစားလိုက်ဦးနော်၊ ရော့ရော့သားကြိုက်တာဝယ်စား"။ အမေပေးတဲ့ပိုက်ဆံတစ်ကျပ်ကို ကျွန်တော်မျက်ရည်တလိမ့်လိမ့်ကြားကကြည့်ရင်း ရှိုက်ကြီးတငင် ငိုကြွေးကျန်ရစ်ခဲ့ပါတော့တယ်။ ကျောင်းတက်ခေါင်းလောင်းထိုး၊ ဘုရားရှိခိုး၊ နိုင်ငံတော်သီချင်းဆိုပြီးတာနဲ့ ဆရာ ဆရာမ အသီးသီးက သူ့အတန်းနဲ့သူ စာသင်ကြားမှုတွေစတင်ပါတယ်၊ ကျွန်တော်စာသင်ချင်စိတ်မရှိတော့ပါ။ လက်ရှိကျောင်းမှာ နေချင်စိတ်မရှိတော့ပါ။ ဒါကြောင့် ဒီကျောင်းကနေလွတ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာပဲ တွေးနေမိပါတယ်။

အတန်းပိုင်ဆရာမ ကျောင်းအုပ်ဆရာကြီးနဲ့ စကားပြောနေချိန်မှာ ကျွန်တော်အပေါ့သွားသလိုလိုနဲ့ ကျောင်းလှေကားက ဆင်းပြီးတာနဲ့ နောက်ကိုလှည့်မကြည့်တော့ဘဲ တစ်ကြိုးတည်းပြေးထွက်လာခဲ့ပါတယ်။ "ဟာ ဟိုမှာ ခုနကငိုတဲ့ကောင်လေးပြေးပြီ၊ ဆရာကြီး ဟိုကောင်လေးပြေးပြီ" ကျောင်းသားတွေ ဝိုင်းအော်တော့ ဆရာကြီးသိသွားပြီး "ဟ လေးတန်းကအကောင်ကြီးတွေ လိုက်ဖမ်းစမ်း" လို့ အော်သံကြားလိုက်ရပါတယ်။ ကျွန်တော်အိမ်ရှိရာဘက်ကို အားသွန်ပြေးနေမိပါတယ်။ လေးတန်းကျောင်းသားကြီးတွေ နောက်ကနေထက်ကြပ်ပါလာပါတယ်။ တဖြည်းဖြည်းနဲ့ အိမ်ဘက်ကိုနီးလာပါပြီ။ ပြေးရင်းနဲ့ ခေါင်းထဲကိုအတွေးတစ်ခုဝင်လာပါတယ်။ "အိမ်ကိုပြေးတာတော့ဟုတ်ပြီ၊ အိမ်ကိုရောက်ရင် အမေက ငါ့ကိုဆီးပြီး ရိုက်မှာပေါ့၊ အမေက ကျောင်းပြန်ပို့တော့ရော ဆရာကြီးကမရိုက်တော့ဘူးလား။ ဒါဆိုနှစ်ခါနာမှာပေါ့၊ မဖြစ်ပါဘူး၊ အမိခံလိုက်ရင် တစ်ခါပဲအတီးခံရမှာ"။ ကျွန်တော်ချက်ချင်း အပြေးရပ်လိုက်ပါတယ်။ ကျောင်းသားကြီးတွေလည်း မီလာပြီးကျွန်တော့်ကိုပြေးမှာစိုးလို့တစ်ဖက်စီ ဆွဲခေါ်ခဲ့ကြပါတယ်။ ဆရာကြီးဆီရောက်ပါပြီ။ "ကိုင်း. . . ကျောင်းကနေ ထွက်ပြေးတဲ့ကျောင်းပြေးပေ့ါဟုတ်လား၊ မင်းကမှ တကယ့်ကျောင်းပြေး အစစ်ကွ၊ ကဲကိုကျောင်းပြေး ဟိုတိုင်မှာ ဖက်လိုက်စမ်း"။ ကျွန်တော်ဒူးတွေ တဆတ်ဆတ်တုန်နေပါတယ်။ "မင်းနောက်ကျောင်းပြေးဦးမလား"၊ "မပြေးတော့ပါဘူး"။ ဆရာကြီးဟာ သူ့ရဲ့လက်သုံးတော်ထားဝယ်ကြိမ်လုံးကို တရွှမ်းရွှမ်းနဲ့ဝှေ့ရမ်းနေပါတော့တယ်။

"ကဲကွာ" ဆရာကြီးဟာ လက်ထဲကကြိမ်လုံးနဲ့ တအားလွှဲရိုက်လိုက်ပါတယ်။ " ဖျန်း" ကြိမ်လုံးသံက ကျွန်တော့် တင်ပါးဆီက ထွက်မလာပါဘူး။ ကျွန်တော့်ခေါင်းပေါ်က လက်နှစ်လုံးလောက်လွဲပြီး ကျောင်းတိုင်ကို ထိသွားပါတယ်။ ဆရာကြီးဒီလောက်တော့ လက်ဆမလွဲနိုင်ပါ။ ကျွန်တော်တအားကြောက်နေမှန်းသိလို့ တမင်လွှဲရိုက်လိုက်ခြင်းဖြစ်ကြောင်း ကျွန်တော်သဘောပေါက်လိုက်ပါပြီ။ "ငါစိတ်ရှိလက်ရှိ ရိုက်လိုက်ရင်နာတော့မယ်နော်၊ ကဲ နောက် ကျောင်းပြေးဦးမလား"၊ " မပြေးတော့ပါဘူး ဆရာကြီး"၊ "အေးအတန်းထဲမှာ စာသွားသင်၊ မုန့်စားကျောင်းဆင်းရင် ငါ့ဆီလာခဲ့၊ ကြားလား"။ အတန်းထဲရောက်တော့ ကျောင်းဖော်တွေက ဝိုင်းပြီး ပြောကြပါတယ်။ "မင်းသိပ်ကံကောင်းတယ်ကွ၊ ဟိုနေ့က သုံးတန်းက ရန်ဖြစ်တဲ့ကျောင်းသားနှစ်ယောက်ဆိုရင် ဆရာကြီးကြိမ်လုံးစာမိတာ ခုထက်ထိ တင်ပါးမှာ ဆေးထည့်နေရတုန်းကွ"။ အခုတော့ ကျွန်တော်ကျောင်းက ထွက်ပြေးချင်စိတ်သိပ်မရှိတော့ပါ။ နေ့လယ် မုန့်စားကျောင်းဆင်းတော့ ကျွန်တော် ထမင်းချိုင့်ဆွဲပြီး ဆရာကြီးဆီသွားခဲ့ပါတယ်။ "ကလေးလာကွ၊ မင်းက အပြေးချန်ပီယံဆိုတော့၊ လာ ဆရာကြီးနဲ့ ထမင်းအတူတူစား၊ ပြစမ်းပါဦး မင်းချိုင့်ထဲက ဘာဟင်းတုန်း"၊ ကျွန်တော်က အမေထည့်ပေးလိုက်တဲ့ ငါးကြော် နှစ်တုံးကို ဆရာကြီးစားပွဲပေါ် တင်ပေးလိုက်ပါတယ်။ "မင်းဘာသာစားပါကွာ၊ ရော့ရော့ ဆရာကြီး ဟင်းလည်းစားကြည့်ပါဦး၊ ကလေးစားလေကွာ၊ ဘာလဲဆရာကြီးကို ကြောက်နေတာလား၊ မကြောက်ပါနဲ့ကွာ၊ ဆရာကြီးက လိမ္မာတဲ့ ကလေးဆိုလက်ဖျားနဲ့တောင် မတို့ပါဘူး။ သားကလိမ္မာပါတယ်။ သားအစ်ကို ဒီကျောင်းမှာမရှိတော့လို့ အားငယ်နေတာမဟုတ်လား။ ဒီကျောင်းကပျော်စရာကောင်းပါတယ်ကွာ။ ဟိုမှာကြည့်စမ်း ဟိုကလေးတွေ ဘောလုံးကန်နေတာ၊ ဟိုမှာတွေ့လား ဒန်းစီးလို့လည်းရတယ်။ လျှောစီးလို့လည်းရတယ်"။ ဆရာကြီးရဲ့ ဂရုတစိုက်ဆက်ဆံမှုကြောင့် ကျွန်တော်ဆရာကြီးနဲ့ အတော်ရင်းနှီးလာပြီး ကျောင်းပျော်လာပါတော့တယ်။ ဆရာကြီးနဲ့ ကျွန်တော်လည်း မကြာခဏဆိုသလို ထမင်းအတူစားဖြစ်ကြပြီး ကျောင်းတက် အမှန်ဆုံးကျောင်းသားတစ်ယောက်ဖြစ်လာပါတယ်။ အဲဒီအချိန်ကစပြီး ကျောင်းမှာ ပျော်တတ်လာတဲ့ ကျွန်တော်ဟာ ဘဝတစ်လျှောက်လုံး ကျောင်းတက်မှန်တဲ့ ကျောင်းသားတစ်ယောက်ဖြစ်လာပါတယ်။ မူလတန်းကျောင်းသားအရွယ်ကစလို့ ကျွန်တော်တို့ကို အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာဆိုတဲ့ ဆရာကျင့်ဝတ်နဲ့အညီ ဆရာ ဆရာမတွေက ဖေ့ဖယောင်းလို ပုံသွင်းကောင်းခဲ့လို့ ကျွန်တော်တို့တစ်တွေ လူ့လောကအလယ်မှာ လူလူသူသူ ဖြစ်လာခဲ့ကြတာပါ။ ခုတော့ ပဲခူးမြို့ ရွှေကေသာမူလတန်းကျောင်းရဲ့ ကျောင်းအုပ်ဆရာကြီး ဦးသိန်းအောင်လည်း ကွယ်လွန်ရှာပါပြီ။

ကျောင်းကလည်း အခုအထက်တန်းကျောင်းဖြစ်နေပါပြီ။ နှစ်လရာသီတွေ ဘယ်လိုပြောင်းပြောင်း၊ ခေတ်စနစ်တွေ ဘယ်လိုပြောင်းပြောင်း ဆရာဆိုတာ ဆရာပါပဲ။ ဆရာတိုင်း ဆရာမတိုင်းဟာ နာသုံးနာကို အရင်းပြု ပီတိကိုစားပြီး ပန်းပုရုပ်လေးပေါင်းများစွာကို ထုလုပ်ပေးကြစမြဲပါ။ ဓားသွေးကျောက်လို ဓားပေါင်းမြောက်မြားစွာအတွက် အသွေးခံနေကြဆဲပါ။ ဆရာ ဆရာမအားလုံး ပီတိစားနေရတဲ့ဘဝကနေ မြင့်မားတဲ့ လူနေမှုဘဝတွေ ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။ ။

ကမ္ဘာ့ရှားပါးသယံဇာတ သဘာဝစပီရူလိုင်းနား စိမ်းပြာရေညှိထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်သည် အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ ယုဇနဟိုတယ်၌ပြုလုပ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တွင်းတောင်အင်းရှိ ကမ္ဘာ့ရှားပါးသယံဇာတ သဘာဝစပီရူလိုင်းနား Spirulina စိမ်းပြာရေညှိ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများ အမြောက်အမြားရှိသည့်အနက် ကမ္ဘာ့ရှားပါးသက်ရှိသဘာဝသယံဇာတတစ်မျိုးဖြစ်သည့် စပီရူလိုင်းနားစိမ်းပြာရေညှိများမှာ တွင်းတောင်အင်းမှ ထွက်ရှိမှုလျော့နည်းလာသည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ စပီရူလိုင်းနားတွင် လူသားတို့အသက်ရှင်ရပ်တည်နိုင်ရန်လိုအပ်သော အာဟာရဓာတ်များ အချိုးကျ မျှတစွာပါဝင်လျက်ရှိကြောင်းနှင့် စားသုံးရန်သင့်လျော်သည့် သဘာဝအစားအစာတစ်ခုဖြစ်ကြောင်း၊ ယခုအခါ စက်ရုံ၏ အဓိကအားထားရာ ကုန်ကြမ်းဖြစ်သော စိမ်းပြာရေညှိများမှာ တွင်းတောင်မှထွက်ရှိမှု လျော့နည်းလာရာ တက်ရောက်လာကြသော ပညာရှင်များမှ Spirulina စိမ်းပြာရေညှိများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မျိုးသုဉ်းမပျောက် ကွယ်စေရေး အကောင်းဆုံးနည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါရန်ဖိတ်ခေါ်ကြောင်း၊ ယခုဆွေးနွေးအကြံပြုချက်များမှာ နိုင်ငံတော်၊ ဝန်ကြီးဌာန၊ စက်ရုံနှင့် သဘာဝကို ထိန်းသိမ်းစောင့်ရှောက်လိုသူများအတွက် အကျိုးများစွာရရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဘူမိဗေဒပညာရှင် ဦးခင်မောင်ရီက တွင်းတောင်အင်း ရေချိုစိမ့်ဝင်မှု အခြေအနေအားလည်းကောင်း၊ အမှတ်(၃) ဆေးဝါးစက်ရုံ (စစ်ကိုင်း)မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာမေယုခိုင်က စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တွင်းတောင်အင်းရှိ ကမ္ဘာ့ရှားပါးသက်ရှိသယံဇာတ စပီရူလိုင်းနားစိမ်းပြာရေညှိ၏ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်မှုအခြေအနေပြောင်းလဲမှုဖြစ်စဉ်အားလည်းကောင်း၊ မြန်မာနိုင်ငံတွင် စပီရူလိုင်းနားစိမ်းပြာရေညှိကို ပထမဆုံးရှာဖွေတွေ့ရှိခဲ့သူ June Pharmaceutical Ltd. ၏ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမင်းသိန်းက ကမ္ဘာ့ရှားပါးသက်ရှိသယံဇာတ သဘာဝမြန်မာ့ရတနာ ရွှေစိမ်းပြာနှင့် ကမ္ဘာကြီးအား အကျိုးပြုပုံကိုလည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်ကလည်းကောင်း၊ စာရေးဆရာမ ဂျူးကလည်းကောင်း၊ ပါမောက္ခများနှင့် ပညာရှင်အသီးသီးတို့ကလည်းကောင်း စာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများမှ ပြန်လည်ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရက်ပိုင်းလေးသာလိုတော့သည့် ဆီးဂိမ်းကြိုဆို တာဝေးစက်ဘီးစီး

နေပြည်တော် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ပြိုင်ပွဲကို ကြိုဆိုသောအားဖြင့် စက်ဘီးစီး လေ့ကျင့်လုပ်ဆောင်နေမှုကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် လမ်းတစ်နေရာ၌ တွေ့ရှိရသည်။ ပျဉ်းမနားမြို့ မီးရထားဝင်း အခန်းအမှတ်(၁)ရန်အောင်(၂)ရပ်ကွက်နေသူ အသက် (၅၁)နှစ်ရှိ ဦးတင်ဦးဆိုသူသည် ဆီးဂိမ်းပြိုင်ပွဲကိုကြိုဆို၍ မိုင်ပေါင်း ၁၀၀၀ စက်ဘီးစီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေရာ အရှည်နှစ်ပေခွဲ၊ ထိပ် ၁၀ လက်မရှိ အုန်းသားနှင့် ပြုလုပ်ထားသော ကျောပိုးအိတ်တစ်လုံး၊ အိတ်အတွင်း အဝတ်အစားနှင့် ကွျန်းပင်မျိုးစေ့ထုပ် ၅၁ ထုပ်နှင့် အာဟာရခြောက် ထုပ်၊ သောက်ရေသန့်ဘူးတို့ ထည့်သွင်းသယ်ဆောင်ပြီး စက်ဘီးစီးပြိုင်ပွဲဝင် ဦးထုပ်ကိုလည်း အုန်းသားနှင့် ပြုလုပ်ထားကြောင်း သိရသည်။ **(ယာပုံ)** "ကျွန်တော်က ဒီကျွန်းမျိုးစေ့ပင်ကို ဆီးဂိမ်းလက်ဆောင်အဖြစ်ပေးဖို့ တမင်ရည်ရွယ်သယ်ဆောင်တာဖြစ်တယ်" ဟု ၎င်းက ပြောသည်။

ထိုပွဲကို ပျဉ်းမနားအားကစားရုံးမှ အောက်တိုဘာ ၂၁ ရက်တွင် စတင်ထွက်ခွာမည်ဖြစ်သည်။ (ဆီးဂိမ်း) ပြိုင်ပွဲကို အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် လေ့ကျင့်နေကြောင်းကို သိရသည်။ **ဟန်ငြိမ်းဦး(နှမ်းတော)**

ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်ရှိ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ခန်းမဆောင်၌ကျင်းပရာ ရှေးဦးစွာ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်က ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြီး ဥက္ကဋ္ဌအဖြစ် ဦးသိန်းဟန်၊ ဒုဥက္ကဋ္ဌများအဖြစ် ဦးမြင့်ကြူ၊ ဦးအောင်ရွှေ၊ ဦးမောင်မြင့်နှင့် ဦးဝင်းမြင့်၊ အတွင်းရေးမှူးအဖြစ် ဦးဆန်းလင်း၊ တွဲဖက် အတွင်းရေးမှူးများအဖြစ် ဦးအောင်မြင့်ဦး၊ ဦးအုန်းသွင်၊ ဦးငွေးမိုးနှင့် ဦးအောင်သိန်း၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးအောင်လေး၊ တွဲဖက်ဘဏ္ဍာရေးမှူးအဖြစ် ဦးငွေးညွန့်၊ စာရင်းစစ်အဖြစ် ဦးမြိုင်နီ၊ တွဲဖက်စာရင်းစစ်အဖြစ် ဦးသန်းဦးနှင့် အမှုဆောင်များအား တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ကြသည်။ ယင်းနောက် ရွေးချယ်တင်မြှောက်ခြင်းခံရသော မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(သန်းဝင်း-တညင်လေး)

တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၃

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီး ဖြစ်သည်။ ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယမန်နေ့ည ၁၁ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဖိုင်လင်း *(PHAILIN)*သည် အိန္ဒိယနိုင်ငံ၊ အန်ဒရာ ပါရာဒတ်ရှ် မြောက်ပိုင်းကမ်းခြေနှင့် ဩဒိရှကမ်းခြေကို ဂိုပါလ်ပူရ်မြို့အနီးမှဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် တဖြည်းဖြည်း အားပျော့ပျက်ပြယ်သွားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်သည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၃

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ခြင်ဆေးပက်ဖျန်းမှုများပြုလုပ်လေ့ရှိရာ အောက်တိုဘာ ၁၀ ရက်မှစ၍ အိမ်ရှေ့ရေမြောင်းများအတွင်း ခြင်ဆေးပက်ဖျန်းမှုများအပြင် ပွဲရုံတိုက်ခန်းများအတွင်း အခမဲ့ခြင်ဆေးပက်ဖျန်းပေးနေကြောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် နွယ်သာလီ၊ ယုဇန၊ ပိတောက်၊ အသောကလမ်းများတွင်လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက်တွင် စိန်ပန်း၊ ငုဝါ၊ ရေတမာ၊ အောင်သပြေလမ်းများတွင် လည်းကောင်း၊ ကျန်ရက်များတွင် ကျန်ရှိသောလမ်းများတွင်လည်းကောင်း ခြင်ဆေးပက်ဖျန်းသွားမည်ဖြစ်ကြောင်း ပွဲရုံဝင်း *NGO*အဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တိုက်ခန်းရှေ့ရေမြောင်းများအတွင်းသာ ခြင်ဆေးပက်ဖျန်းလေ့ရှိသော်လည်း ပွဲရုံခန်းများတွင်မူ အောက်ထပ် ငါးထောင်ကျပ်နှုန်း၊ အပေါ်ထပ် သုံးထောင်ကျပ်နှုန်း ငွေပေးသွင်းမှသာ ခြင်ဆေးပက်ဖျန်းပေးခဲ့ကြောင်း၊ ယခုအခါ ပွဲရုံတိုက်ခန်းများအတွင်း အခမဲ့ခြင်ဆေးပက်ဖျန်းပေးခဲ့သော်လည်း အလုပ်လုပ်ချိန်ဖြစ်၍ ပွဲရုံဆိုင်ခန်းအများစုမှာ ရေမြောင်းများတွင်သာပက်ဖျန်းစေကြောင်း၊ ခြင်ဆေးဖျန်းကြောင်းလက်မှတ်ရေးထိုးပေးခဲ့ရကြောင်း ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

လူငယ်ထုအကြား ကော်ရှူခြင်းအန္တရာယ် ဝိုင်းဝန်းကာကွယ်

မီးအိမ်ရှင်

ယနေ့မြန်မာနိုင်ငံကြီးသည် ခေတ်မီဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလျှောက်လှမ်းနေချိန်၊ ပွင့်လင်းမြင်သာမှု၏ အသီးအပွင့်များကို ရရှိပိုင်ဆိုင်လာကြချိန်လည်းဖြစ်ပေသည်။ ယင်းကဲ့သို့ အချိန်အခါတွင် တရားဝင်ကုန်သွယ် ရောင်းဝယ်မှုများရှိသကဲ့သို့ တရားမဝင်ကုန်သွယ်ရောင်းဝယ်ကာ ဥပဒေဘောင်ပြင်ပမှ လှုပ်ရှားလာကြသူအများအပြားရှိလာကြသည်။ "ဘယ်သူသေသေငတေမာပြီးရော" ဆိုသကဲ့သို့ မိမိ၏ကိုယ်ကျိုးတစ်ခုတည်းကိုသာကြည့်ကာ မတော်လောဘဖြင့် စီးပွားရှာလာကြသည်။ လွတ်လပ်မှုကို အခွင့်ကောင်းယူ၍ မတော်လောဘဖြင့် စီးပွားရှာသူများ မြန်မာနိုင်ငံတစ်ဝန်း များစွာနေရာယူလာလျက်ရှိသည်။ ထိုအထဲတွင် မူးယစ်ဆေးဝါးတင်သွင်းဖြန့်ဖြူးရောင်းချသူ အများအပြားရှိလာပြီး သတင်းစာမျက်နှာများတွင်လည်း မူးယစ်ဆေးဝါးဖမ်းဆီးမှုသတင်းများ စာမျက်နှာအတော်များများတွင် နေရာယူနေပြီဖြစ်သည်။

ထိုမှုမက မူးယစ်ဆေးဝါးသုံးစွဲတတ်စေမည့် လမ်းကြောင်းပေါ်သို့ တည့်မတ်ပေးနေသည့် ကော်ရှူသည့်အလေ့အထများ လူငယ်များအကြားတွင် နေရာယူလာလျက်ရှိသည်။ ကော်ရှူသူအများစုကို လေ့လာကြည့်လျှင် အသက်(၁၁)နှစ်မှ (၁၇)နှစ်အကြား လူငယ်လူရွယ်လေးများဖြစ်ကြပြီး ယင်းအထဲတွင် လေလွင့်လူငယ်များဖြစ်သည့် ခိုကိုးရာမဲ့ ကလေးငယ်အများအပြားပါဝင်ပြီး ခါးပိုက်နှိုက်၊ အလစ်သုတ်မှုစသည့်ပြစ်မှုများကို ကျူးလွန်ထားသူများဖြစ်ကြကြောင်း သိရသည်။ ကော်ရှူကြရာတွင် သစ်သားဆက်ကော်၊ ပိုက်ဆက်ကော်များကို အရှူများကြပြီး ဝယ်ယူရသည့်စျေးနှုန်း မှာလည်း ကျပ် ၅၀၀မှ ၁၅၀၀ ဝန်းကျင်မျှသာရှိခြင်းကြောင့် လူငယ်လူရွယ်လေးများအကြား ကော်ရှူသည့်အမူအကျင့်များ ကူးစက်ရန်လွယ်ကူလှပေသည်။

ယနေ့လူငယ်များ မူးယစ်ဆေးဝါးအသွင် အလွဲသုံးနေသည့်ကော်သည် Toluene၊ Acetone၊ Methyl Ethyl Ketone၊ Ethyl Acetate ဓာတုပစ္စည်းလေးမျိုး ဆတူပေါင်းစပ်ထားသည့် Thinner နှင့် ရော်ဘာပြား ကော်မှုန့်တို့မှရရှိလာသည့် အိမ်သုံးပစ္စည်းကော်ဖြစ်ကြောင်းမှတ်သားသိရှိရသည်။ လူငယ်များရှူရှိုက်နေသည့် ကော်မှာ ဓာတုပစ္စည်းလေးမျိုးကို ဓာတ်ပြုထားသဖြင့် ဓာတုပစ္စည်းလေးမျိုးကိုသာ ရှူရှိုက်နေကြရာ ကျန်းမာရေးအန္တရာယ်ဆိုးကြီးကို ဝယ်ယူရှူရှိုက်နေကြခြင်းဖြစ်သည်။ ကော်ရှူခြင်းသည် အသက်အန္တရာယ်ကို ခြိမ်းခြောက်ရုံမျှမက ကော်ရှူသုံးစွဲခြင်းမှအစပြု၍ အရက်၊ ဆေးလိပ်နှင့် ဆေးခြောက်သုံးစွဲကာ မူးယစ်ဆေးစွဲသမားဘဝသို့ ရောက်ရှိစေနိုင်သဖြင့် လူငယ်လူရွယ်များအကြား ကော်ရှူသည့်အလေ့အထကို ဝိုင်းဝန်းတိုက်ထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတကာလေ့လာချက်များအရ ကော်ရှူခြင်းအပါအဝင် အငွေ့ရှူခြင်း(Inhalant use)ကို နိုင်ငံအတော်များများရှိ လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနေကြသည်ကိုတွေ့ရှိရပြီး အမေရိကန်တွင် ဆယ်ကျော်သက်အရွယ် ၂၀ ရာခိုင်နှုန်းမှာ အငွေ့ရှူခြင်းကို အသုံးပြုနေကြသည်။ ထို့ပြင် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် ၁၉၉၀ ခုနှစ်ဝန်းကျင်ကာလများမှစ၍ လေလွင့်လူငယ်များအကြား ကော်ရှူခြင်းအလေ့အထများရှိခဲ့ပြီး ထိုမှတစ်ဆင့် အခြားနိုင်ငံများသို့ တဖြည်းဖြည်းရောက်ရှိပျံ့နှံ့လာသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း လူငယ်လူရွယ်များအကြား ကော်ရှူသုံးစွဲမှုပြဿနာတစ်ရပ်သည်လည်း မူးယစ်ဆေးစွဲသမားဘဝများသို့ရောက်အောင် တည့်မတ်ပေးနေသည့်အလား အတော်နေရာယူလာနေပြီဖြစ်သည်။ ၂၀၁၂ ခုနှစ် ဇွန်လနောက်ပိုင်းမှစ၍ လားရှိုးမြို့၌ ကျောင်းသား လူငယ်များအကြား ကော်ရှူသုံးစွဲမှုများရှိလာခဲ့သည်။ ထိုမျှမက ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ ပြင်ဦးလွင်၊ မြိတ်၊ ကော့သောင်း၊ ထားဝယ်မြို့များတွင် ကော်ရှူသည့်အလေ့အထများ ပျံ့နှံ့ရောက်ရှိခဲ့သည်။ မကြာသေးမီကာလကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ကော်ရှူသူလူငယ် ၈၀ ခန့်ကို လူမှုဝန်ထမ်းဦးစီးဌာနက ပညာပေးအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းကဲ့သို့ လူငယ်လူရွယ်များအကြား ပျံ့နှံ့ရောက်ရှိနေသည့် ကော်ရှူခြင်းအမူအကျင့်များကို အားလုံးဝိုင်းဝန်းတားဆီးကြရမည်ဖြစ်သည်။ ထိုမျှမက မူးယစ်လမ်းကြောင်းပေါ်သို့ ရောက်ရှိနေကြသည့် လူငယ်လူရွယ်လေးများကိုလည်း အမှောင်ခွင်း၍ အလင်းဆောင်ကာ လမ်းကြောင်းမှန်ပေါ်သို့ရောက်ရှိစေရေး မေတ္တာရှေ့ထား၍ ဝိုင်းဝန်းတည့်မတ်စောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ လူငယ်လူရွယ်လေးများ လမ်းမှားမရောက်စေရေး ဝိုင်းဝန်းထိန်းသိမ်းပေးခြင်းဖြင့် ကျန်းမာသန်စွမ်းဉာဏ်ရည်ပြည့်ဝသည့် အနာဂတ်၏အင်အားလေးများဖြစ်လာမည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်။ ။

မြေမြှုပ်ထားသော လုပ်သေနတ်အဟောင်းတစ်လက်နှင့် ကျည်ခွံများ တိုက်ကြီးမြို့နယ်တွင်တွေ့ရှိ

တိုက်ကြီး အောက်တိုဘာ ၁၃

အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက တိုက်ကြီးမြို့နယ်တွင် မြေမြှုပ်ထားသော လုပ်သေနတ်အဟောင်းတစ်လက်နှင့် ကျည်ခွံများတွေ့ရှိခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၂ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က တိုက်ကြီးမြို့နယ် လှိုင်ကျေးရွာအုပ်စု မီးသွေးကျင်းကျေးရွာ ဥတို-အဖျောက်ကားလမ်းမိုင်တိုင်အမှတ်(၃/၀)နှင့် (၃/၁)ကြား လမ်းဘေးတွင်မြေမြှုပ်နေသော သေနတ်ဒင်ပိုင်းတစ်ခုအား နွားကျောင်းနေသူ မောင်ဇေယျာမင်း မီးသွေးကျင်းကျေးရွာနေသူက တွေ့ရှိ၍ ကျေးရွာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တိုက်ကြီးမြို့မရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်းသိရသည်။ ထိုသို့ အကြောင်းကြားချက်အရ တိုက်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့်အတူ အဆိုပါနေရာသို့ သွားရောက်စစ်ဆေးတူးဖော်ခဲ့ရာ ပီနံအိတ်အတွင်း တစ်ခုစီဖြုတ်၍ ထုပ်ပိုးထားသော အလျားတစ်ပေခွဲခန့်ရှိ သစ်သားဖြင့်ပြုလုပ်ထားသည့် အနက်ရောင် သေနတ်ဒင်တစ်ခု၊ အရှည်နှစ်ပေခန့်၊ အဝတစ်လက်မခန့်ရှိ သံချေးတက်နေသောသံပိုက် တစ်ခု၊ သံချေးတက်နေသော သေနတ်မောင်းတစ်ခု၊ အလျား ခုနစ်လက်မခန့်ရှိ ကော်မှန်ဘီလူး (အပျက်)တစ်ခု၊ ကော်သေနတ်ဒင်ပိတ်တစ်ခု၊ ဂရီနာကျည်(အသုံးပြုမရ) ငါးတောင့်၊ ဂရီနာကျည်ခွံအတောင့် ၂၀၊ လေ သေနတ်ခဲသီးကျည် (အသုံးပြုမရ) တစ်ဘူးတို့ကို တွေ့ရှိရသဖြင့် သိမ်းဆည်းထားကြောင်း သိရသည်။

(စိုးဝင်း-MLA)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄–၁၀–၂၀၁၃ (တနင်္လာနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ
၁၀း၁၅	"တန်ဖိုးထဲကလူ" (ဇော်ဦး၊ ညီညီတာ၊ မြင့်မြင့်ခိုင်၊ မြသဥ္ဇာလီ) (ဒါရိုက်တာ-သက်တင်)
၁၁း၀၀	ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂း၃၅	ဂီတသံစဉ်အလှဆင်(ထား)
၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
၅း၁၅	ရောင်စုံရေးသီတေးပန်းချီ
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း၊
၈း၃၅	ပြည်သူတို့ရဲ့စကားသံများ
၈း၄၅	ပြည်သူ့အတွက်ကြိုးပမ်းမှု ပုံရိပ်များ

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး





မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့်စီမံချက်အား မိဘပြည်သူများသို့ အသိပေးတင်ပြခြင်း

နေပြည်တော် အောက်တိုဘာ ၁၃

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၁၉၈၀ ခုနှစ်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ရုပ်သံထုတ်လွှင့်မှု နည်းပညာများအရ Analogue မှ ASEAN Digital Standard ဖြစ်သော Digital ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ် Digital Video Broadcasting-Terrestrial-2 (DVB-T2)သို့ပြောင်းလဲပြီး အခမဲ့ရုပ်သံထုတ်လွှင့်မှုစနစ် Free to Air (FTA) စနစ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲထုတ်လွှင့်မှုစီမံချက် ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေး(စစ်ကိုင်း)၊ နေပြည်တော်(ပျဉ်းမနား)၊ နေပြည်တော်(တပ်ကုန်း)ရှိ စက်ရုံလေးရုံမှ အောက်တိုဘာ ၁၅ ရက်မှစ၍ ပုံမှန်ထုတ်လွှင့်မည်ဖြစ်သည်။ ဒုတိယအဆင့်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် မေလအတွင်း မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လွိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတနှင့် ထားဝယ်မြို့များရှိ စက်ရုံ ၂၁ ရုံတွင် Digital လွှင့်စက်များ ဆက်လက်တပ်ဆင် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ တတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၅၆ ရုံကို လည်းကောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၁၁၀ ကို လည်းကောင်း၊ ပဉ္စမအဆင့်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၆၆ ရုံကို လည်းကောင်း Digital စနစ်ဖြင့် ပြောင်းလဲတပ်ဆင် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါ Digital (DVB-T2) ရုပ်သံထုတ်လွှင့်မှုစနစ်ကို ဖမ်းယူကြည့်ရှုနိုင်ရန် DVB-T2, MPEG-4 Tuner စနစ်ပါသော Digital TV များဖြင့် လည်းကောင်း၊ လက်ရှိ Analogue ရုပ်မြင်သံကြားစက်များတွင် DVB-T2, MPEG-4 Set-top Box များတပ်ဆင်၍လည်းကောင်း မိဘပြည်သူများအနေဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV Channel)၊ Myanmar International(MI Channel)၊ လွှတ်တော် (Channel)၊ တိုင်းရင်းသား ရုပ်သံလိုင်း (National Races Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း (Farmers Channel) စသည်ဖြင့် ရုပ်သံလိုင်း ငါးလိုင်းကို Free to Air စနစ်ဖြင့် ကနဦးထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း ကျန်တိုင်းရင်းသားရုပ်သံလိုင်းများ အပါအဝင် ချန်နယ်ရှစ်ခုအထိ တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရန်ကုန်စက်ရုံမှ လွှင့်အား(3 KW)၊ လိုင်းနံပါတ်(CH-23)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်အထိ လည်းကောင်း၊ တောင်ဘက် ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များအထိ လည်းကောင်း၊ အရှေ့ဘက်တွင် သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်အထိ လည်းကောင်း၊ အနောက်ဘက်တွင် တွံတေးမြို့အထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ စစ်ကိုင်းစက်ရုံမှ လွှင့်အား(3 KW)၊ လိုင်းနံပါတ်(CH-31)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မတ္တရာမြို့အထိ လည်းကောင်း၊ တောင်ဘက် ဝမ်းတွင်းမြို့အထိလည်းကောင်း၊ အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့အထိလည်းကောင်း၊ အနောက်ဘက်တွင် မြောင်မြို့အထိလည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော် (ပျဉ်းမနား)ရုပ်သံစက်ရုံမှ လွှင့်အား(3 KW)၊ လိုင်းနံပါတ်(CH-30)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် တပ်ကုန်းမြို့နယ်ရှိ ရွှေမြို့အထိလည်းကောင်း၊ တောင်ဘက် သာဂရမြို့အထိ လည်းကောင်း၊ အရှေ့ဘက်တွင် ရေဆင်း၊ သိုက်ချောင်းအထိ လည်းကောင်း၊ အနောက်ဘက်တွင်တောင်ညိုအထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော်(တပ်ကုန်း)ရှိ လွှင့်စက်ရုံမှ လွှင့်အား(1 KW)၊ လိုင်းနံပါတ်(CH-23)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် ပျော်ဘွယ်မြို့အဝင် လမ်းဆုံအထိလည်းကောင်း၊ တောင်ဘက် ကျည်တောင်ကန်အထိ လည်းကောင်း၊ အရှေ့ဘက်တွင် သပြေကုန်းကျေးရွာ၊ နောက်ဘို့အိုးကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် မြောင်းမြိုက်၊ သရက်ကွင်းကျေးရွာအထိလည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် နေပြည်တော်ရှိ Cable TV လိုင်းတွင်လည်း ထည့်သွင်းထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။

DVB-T2, MPEG-4 Tuner ပါသော Digital TV များဖြင့် လည်းကောင်း၊ DVB-T2, MPEG-4 Set-top Box များဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုသူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ထုတ်လွှင့်သော ရုပ်သံလိုင်း ငါးခုသာမက မြဝတီကထုတ်လွှင့်သော ရုပ်သံလိုင်း ခုနစ်လိုင်းကိုလည်းကောင်း၊ Forever မှ ထုတ်လွှင့်သော ရုပ်သံလိုင်း လေးလိုင်းကို လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ရာ စုစုပေါင်း ရုပ်သံလိုင်း ၁၆ လိုင်းကို လစဉ်ကြေးပေးသွင်းရန်မလိုဘဲ အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရာတွင် လက်ရှိ Analogue TV ပိုင်ဆိုင်ထားသော ပြည်သူလူထုများ၏ အကျိုးစီးပွားအတွက် လက်ရှိထုတ်လွှင့်နေသော Analogue စနစ် ရုပ်သံထုတ်လွှင့်မှုကိုလည်း သုံးနှစ်ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်တော်ထိပ်တွင် ဒေသခံလူငယ် မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားများ နေ့စဉ်လေ့ကျင့်

မိတ္ထီလာ အောက်တိုဘာ ၁၃

ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ အရှေ့ဘက်မြို့ကျက်သရေဆောင် ရွှေသာလျောင်းတောင်တော်ထိပ်တွင် ဒေသခံလူငယ် မြန်မာ့ရိုးရာအားကစားသမားများနေ့စဉ်တက်ရောက်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

"မြန်မာ့ရိုးရာလက်ဝှေ့အားကစားနည်းကို စိတ်ဝင်စားတဲ့ဒေသခံလူငယ်တွေကို နောင်တော်မြန်မာ့ရိုးရာလက်ဝှေ့ အားကစားပညာရှင်တစ်ဦးဖြစ်တဲ့ ဖွဲ့မာန်(ကျောက်ဆည်)နဲ့အခြားရိုးရာလက်ဝှေ့သမားဟောင်းတွေက ဝိုင်းဝန်းလေ့ကျင့်သင်ကြားပေးနေတာပါ။

ရွှေသာလျောင်းတောင်ထိပ်ပေါ်မှာ သာယာလှပတဲ့ရှုခင်းတွေနဲ့ အေးမြလတ်ဆတ်သန့်ရှင်းတဲ့လေက အားကစားလေ့ကျင့်သူတွေကို စိတ်အေးချမ်းသာစွာနဲ့ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုအတွက် ရွှေသာလျောင်းစေတီရင်ပြင်တော်မှာ အပြေးလေ့ကျင့်လို့ရသလို မြန်မာ့ရိုးရာအားကစားနည်းကိုလည်း လေ့ကျင့်သင်ကြားခွင့်ရလို့ နေ့စဉ်လိုလို လာရောက်သင်ကြားလေ့ကျင့်ကြတယ်။ ကျန်းမာရေးအတွက်လည်းကောင်း မြန်မာ့ရိုးရာလက်ဝှေ့ကစားနည်းကို လက်ဆင့်ကမ်းသင်ကြားပေးလို့ အဆင်ပြေတာမို့ ရွှေသာလျောင်းတောင်ပေါ်မှာ နေ့စဉ်မြန်မာ့ရိုးရာ လက်ဝှေ့အားကစားနည်း လေ့လာသင်ကြားပြသူ ၁၀ ဦးကနေ ၁၅ ဦးခန့်ထိရှိပါတယ်"ဟု လက်ဝှေ့သင်ကြားချိန်အား အချိန်နာရီသတ်မှတ်ပေးသူ လက်ဝှေ့နည်းပြတစ်ဦးက ပြောပြသည်။

ရွှေသာလျောင်းတောင်တော်ထိပ်တွင် ဒေသခံမြန်မာ့ရိုးရာလက်ဝှေ့အားကစားနည်းကို လေ့လာလိုက်စားသူများသာမက ကျောက်ဆည်နယ်ရှိ ဘုရားပွဲတော်များတွင် မြန်မာ့ရိုးရာလက်ဝှေ့အားကစားပြိုင်ပွဲကို ထည့်သွင်းကျင်းပသည့် အချိန်တိုင်းတွင် အနယ်နယ်အရပ်ရပ်မှ မြန်မာ့လက်ဝှေ့ပညာရှင်များ တက်ရောက်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အသံထွက်ပိုင်းနှင့် အရည်အသွေးဒီဇိုင်းကောင်းမွန်သေသပ်သော အဆင့်မြင့်ဂီတာ အသေးစားလက်မှုလုပ်ငန်း

007

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်းများစွာမှ ကောင်းမွန်သေသပ်စွာထုတ်လုပ်ရောင်းချလျက်ရှိသော ကြိုးတပ်တူရိယာအများအပြားကို ဈေးကွက်အတွင်းလွယ်လင့်တကူ ဝယ်ယူရရှိနိုင်သလို မြန်မာနိုင်ငံ ပြည်တွင်း ဈေးကွက်တွင်လည်း နိုင်ငံခြားဖြစ် ဂီတာများထက် အရည်အသွေး မနိမ့်ကျဘဲ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူရရှိနိုင်သည့် တူရိယာဆိုင်များလည်း ရှိလာသည်။

ရန်ကုန်မြို့တွင်း မထင်မရှားလူနေရပ်ကွက်ငယ်တစ်ခု၏နေအိမ်တစ်အိမ်သို့ ဝင်လိုက်မိသည်နှင့် ဒေါင်ဒေါင်ဒင်ဒင် မြည်သံဖြင့် ဂီတာများအား ကြိုးတပ်အသံစမ်းသပ်နေမှုကို ကြားရသည်။ အဆိုပါ အသံများထွက်ပေါ်ရာ လူနေရပ်ကွက်ငယ်ကလေးအတွင်းမှ နေအိမ်တစ်အိမ်မှာ ဆယ်ပေ၊ ဆယ့်ငါးပေသာသာ နေရာငယ်ကလေးတွင် အဆင့်မြင့်ဂီတာများကို လက်မှုပညာဖြင့် ဖန်တီးပေးလျက်ရှိသည်။ အဆိုပါနေရာငယ်လေးအတွင်းတွင် ဂီတာများကို ချိတ်ဆွဲထားရှိပြီး ဖုန်တက်နေသော ဂီတာငယ်တစ်လက်ကိုယူ၍ ဖုန်များကိုသန့်ရှင်းရေးပြုလုပ်ကာ တီးခတ်ကြည့်မိသည်။ စံချိန်မီကြိုးတပ် တူရိယာများတွင် ရှိသင့်၊ ထွက်သင့်သည့် သာယာငြိမ့်ညောင်းသော ဂီတသံစဉ်ကို ကြားရသည်။ ထိုကဲ့သို့ ချိတ်ဆွဲထားသော ဂီတာများတွင် အဆိုပါလက်မှုပညာရှင်၏ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုကို သိသာစွာ မြင်တွေ့ရသည်။

သူ၏ ဂီတအနုပညာအပေါ်ထားရှိသော ပညာနှင့်ဝါသနာတို့ကို ဂီတာများကို ပြုလုပ်ရာတွင် အမှန်တကယ်ထည့်သွင်းထားပြီး အရည်အသွေးနှင့် ဒီဇိုင်းပိုင်းကောင်းမွန်သော ဂီတာများကို ဖြစ်စေသည်။ ယခုလို ဂီတာများကို ပြုလုပ်ရာတွင် မည်သည့်သစ်အမျိုးအစားတွေကို ရွေးချယ်အသုံးပြုသည်ကို မေးမြန်းကြည့်ရာ "ဂီတာတစ်လုံးမှာ ပါဝင်သင့်တဲ့ သစ်အမျိုးအစားတွေပေါ့၊ ဥပမာပြောရရင် အသံပိုင်းနဲ့ ပတ်သက်လို့ဆိုရင် အသံထွက်ကောင်းမွန်စေမယ့် ထင်းရှူးလိုသစ်မျိုးကို ရွေးချယ်ရပါတယ်။ "လက်တံပေါ့၊ ဖလက်တံလို့လည်း ပြောလို့ရပါတယ်၊ အဲဒီနေရာမှာတော့ မာကျောပြီး ကြာရှည်ခံနိုင်မယ့် ကျွန်းသစ်လို သစ်အမျိုးအစားကို ရွေးချယ်ရပါတယ်" ဟု အဆိုပါဂစ်တာ ပြုလုပ်သူလက်မှုပညာရှင် ကိုသန့်ဇင်က ပြောပြသည်။ "ဂစ်တာဖလက်တံအတွင်းမှာတော့ ရာသီဥတု ပူခြင်း၊ အေးခြင်းတို့ကြောင့် ကွေးကောက်မှုမဖြစ်စေရန် သံချောင်း (သို့မဟုတ်) စတီးချောင်းကို ထည့်သွင်းပေးထားပါတယ်၊ ကြိုးတွေကို လိုသလိုထိန်းချုပ်ညှိယူဖို့အတွက် ကီးနေရာမှာတော့ နိုင်ငံခြားမှလာတဲ့အမျိုးအစားတွေကို လိုအပ်သလို တပ်ဆင်ပေးထားပါတယ်" ဟု ကိုသန့်ဇင်က ဆက်လက်ပြောပြသည်။ အဆိုပါ အသေးစား တစ်ပိုင်တစ်နိုင်လက်မှုလုပ်ငန်းကို ၂၀၀၇ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီး တစ်လလျှင် ဂီတာ ၄/၅ လက်နှုန်း၊ တစ်နှစ်အတွက် အလုံး ငါးဆယ်ခန့် ထုတ်လုပ်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လိုချင်တဲ့ဒီဇိုင်းကို ပုံကြမ်းပေးနိုင်ရင် အနီးစပ်ဆုံးတူအောင်ပြုလုပ်ပေးပါတယ်၊ အော်ဒါကြိုတင်မှာယူသူတွေ စိတ်ကြိုက်ဖြစ်အောင် ကြိုးစားဖန်တီးပေးပါတယ်" ဟု ပြောပြသည်။

အဆိုပါ လက်မှုပညာရှင်မှထုတ်လုပ်လိုက်သည့် ဂီတာအတွက်၊ အသံပိုင်းဆိုင်ရာ အရည်အသွေးအတွက် တာဝန်ယူအာမခံကြောင်းလည်း သိရသည်။ ဝယ်ယူတီးခတ်ပြီးသော ဂီတာများ ယိုယွင်းပျက်စီးသွားပါက တာဝန်ယူပြီး စိတ်ကြိုက်အနေအထားပြန်လည်ရရှိစေရန်လည်း ပြင်ဆင်ပေးကြောင်း သိရသည်။ စီးပွားရေးအတွက် အဓိကမထားဘဲ ဝါသနာနှင့်ပညာကိုအရင်းပြုကာ အရည်အသွေးနှင့် ဒီဇိုင်းပိုင်းသပ်ရပ်မှုရှိသော ဂစ်တာများကို သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းချပေးကြောင်း သိရသည်။

ဂီတာတစ်လက်အတွင်း ရှိသင့်ရှိထိုက်သော အသံ အရည်အသွေး၊ ကိုယ်ထည်ဒီဇိုင်းနှင့် ဆေးအရောင်ကာလာတို့ သပ်ရပ်မှုနှင့် ကြာရှည်ခံနိုင်မှုတို့အတွက် အာမခံသည်ဟု သိရသည်။ မှာယူသူရှိပါက ဂစ်တာလက်တံနေရာတွင် သစ်သားကိုထွင်းကာ ကနုကမာများဖြင့်လည်း အလှတပ်ဆင်ပေးကြောင်း သိရသည်။ ထိုကဲ့သို့ ဈေးနှုန်းသင့်တင့်ပြီး အရည်အသွေးကောင်းမွန်သော ဂီတာများကို ပြည်တွင်း ဈေးကွက်တွင်ရရှိနိုင်ကြောင်း အသေးစားလက်မှုလုပ်ငန်း အနုပညာကဏ္ဍတစ်ခုအနေဖြင့် တင်ပြအပ်ပါသည်။ ။

သတိပေးနှိုးဆော်ချက်

၂၀၁၃ ခုနှစ် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် (၂၂)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင် လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်း စင်မြင့်မှ မြို့တော်ဝန်က သေနတ်ပစ်ဖောက်တာလွှတ်ပေးမည်ဖြစ်ရာ မျက်မမြင်လမ်းလျှောက်သူများသည် ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမရှေ့သို့ လမ်းလျှောက်မည်ဖြစ်သဖြင့် ဖော်ပြပါ လမ်းတစ်လျှောက် နံနက် ၅ နာရီမှ လမ်းလျှောက်ပွဲပြီးဆုံးသည်အထိ ခေတ္တလမ်းပိတ်မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ကျင်းပရေးကော်မတီ

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ မကြာမီဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းထောင့် အမှတ်(၆၄)သို့ရောက်ရှိပြီး သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (Day care center for the aged)အား အမြန်ဆုံး ဖွင့်လှစ်နိုင်ရန် ပြင်ဆင်နေမှုနှင့် နတ်မောက်လမ်းရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းရှိ စက်ချုပ်လုပ်ငန်းနှင့် ဇာထိုးပန်းထိုးလုပ်ငန်း အတတ်ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် အသက်ခြောက်နှစ်မှ (၁၆)နှစ်ကြားရှိ တရားရုံးမှ ခေတ္တပို့အပ်သည့် အမျိုးသမီးကလေးလေးဦး၊ တရားရုံးအမိန့်အရ ချမှတ်ပေးပို့သော အကျင့်စာရိတ္တပြုပြင်ပေးရမည့် အမျိုးသမီးကလေး ၂၂ ဦး၊ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးကလေးများ ၂၃ ဦးနှင့် လူကုန်ကူးခံရသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်ပေါင်းစည်းရေးအတွက် ယာယီစောင့်ရှောက်ထားသော အမျိုးသမီးကလေးများ နှစ်ဦး စုစုပေါင်း အမျိုးသမီးကလေးများ ၅၁ ဦး တို့အား အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်ကြားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စာရိတ္တပြုပြင်ပေးခြင်းနှင့် လူကုန်ကူးခံရသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့ဝန်းကျင်တွင် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (သုတစွယ်စုံမီဒီယာဂရု)က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးခင်ဆွေ (ရွှေစွန်ညို)၊ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းတို့မှ ငွေကျပ် တစ်သိန်းစီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်းအခြေခံသင်တန်းအမှတ်စဉ် (၃) သင်တန်းသား သင်တန်းသူများ၊ ခရမ်းမြို့နယ်စာရေးဆရာအသင်း၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း၊ ဦးကျော်ဝေ (အောင်ကျော်ညို-ဆင်ချဆိပ်) တို့မှ ငွေကျပ် သုံးသောင်းစီ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က လက်ခံသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၅၂၉/၅၃၀) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် စာပေဗိမာန်(ဒုတိယထပ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ (ဖက်စ်)တို့သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်စိုးထိုက်(သုံးဆယ်)

ထောက်ပံ့ပစ္စည်းပေးအပ်

ပဲခူး အောက်တိုဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းရုံး၌ ယနေ့ နံနက် ၉ နာရီတွင် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကျင်းပရာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်း၊ ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဗိုလ်ကြီး မင်းသော်တာ(ငြိမ်း)၊ မော်ကွန်းဝင် ဒုတိယဆင့် တပ်သားကြီးနှစ်ဦး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်း သားသမီး ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၁၀၀ ခန့် တက်ရောက်ပြီး ဗိုလ်ကြီးမင်းသော်တာ (ငြိမ်း)က မသန်မစွမ်းစစ်မှုထမ်းဟောင်းများအား ချိုင်းထောက် ၁၂၀ နှင့် စစ်မှုထမ်းဟောင်း သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သိရသည်။

(သုတ)

လျှာကင်ဆာခံစားနေရကြောင်း မိုက်ကယ်ဒေါက်ဂလပ်ဖွင့်ဟ

ဝါရင့်ဟောလိဝုဒ်သရုပ်ဆောင် မိုက်ကယ်ဒေါက်ဂလပ်က ၎င်းလက်ရှိခံစားနေရသည့်ရောဂါမှာ လည်ပင်းကင်ဆာမဟုတ်ဘဲ လျှာကင်ဆာရောဂါဖြစ်ကြောင်း ဗြိတိန်၏စကားပြောဆွေးနွေးခန်းတစ်ခုတွင် အတိအလင်းထုတ်ဖော်ပြောကြားခဲ့သည်။

ယခင်က ရောဂါအခြေအနေကို ထုတ်ဖော်မပြောခဲ့ခြင်းမှာ ဆရာဝန်ညွှန်ကြားချက်အတိုင်းသာဖြစ်ကြောင်း အသက် (၆၉)နှစ်အရွယ်ရှိ သရုပ်ဆောင် မိုက်ကယ်ဒေါက်ဂလပ်က ပြောကြားခဲ့သည်။

ရောဂါဝေဒနာခံစားနေရသော်လည်း မိုက်ကယ်ဒေါက်ဂလပ်နှင့်အတူ ဝါရင့်သရုပ်ဆောင်များဖြစ်သည့် ရောဘတ်ဒီနီရိုနှင့် မော်ဂန်ဖရီးမန်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် Last Vegas ဟာသဇာတ်ကားကို နိုဝင်ဘာ ၁ ရက်တွင် ရုပ်ရှင်ရုံများ၌ စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ဂျက်စတင်ဘီဘာ၏ ပထမဆုံးသောရုပ်ရှင်အား ခရစ္စမတ်အမီပြသမည်

နာမည်ကျော် ကနေဒါ ဆယ်ကျော်သက်အဆိုတော် ဂျက်စတင်ဘီဘာ ပါဝင်သရုပ်ဆောင်ထားသည့် ပထမဆုံးသော Believe 3D အမည်ရှိ ရုပ်ရှင်အမြည်းကို သောကြာနေ့က ပရိသတ်ထံသို့ချပြပေးခဲ့ပြီး ယင်းဇာတ်ကားကို ခရစ္စမတ်အမီ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်တွင် ဂျက်စတင်ဘီဘာ၏ ဆယ်ကျော်သက်အရွယ်ကာလများက အကြောင်းခြင်းရာများနှင့် ၎င်း၏ဘဝအတွေ့အကြုံ အဆိုးအကောင်းများ၊ မန်နေဂျာဖြစ်သူ၏ အကြောင်းများ အားလုံးကို ထည့်သွင်းရိုက်ကူးထားခြင်းဖြစ်ပြီး "ဒီရုပ်ရှင်ကိုကြည့်ပြီးရင် ကျွန်တော်ဘယ်လိုလူစားမျိုးလဲဆိုတာ သိပါလိမ့်မယ်"ဟု ဘီဘာက ပြောကြားခဲ့သည်။ Believe 3D ရုပ်ရှင်တွင် တေးသံရှင် အက်ရှာနှင့် ဘီဘာ၏ မိခင်ဖြစ်သူတို့လည်း အင်တာဗျူးကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ထားသည်။ ထို့အပြင် ဘီဘာ၏ တစ်ကိုယ်တော်တေးသီချင်းတစ်ပုဒ်ဖြစ်သည့် Heartbreaker ကို အောက်တိုဘာ ၇ ရက်က ဖြန့်ချိခဲ့ပြီးဖြစ်သည်။

မျိုးစန္ဒာမောင် - ရေးသားသည်

အင်္ဂလန်နည်းပြသက်တမ်း ထက်ဝက်ရှိခဲ့ပြီဖြစ်ကြောင်းနှင့် ပိုလန်ကိုနိုင်ရန်မလွယ်ကူကြောင်း ရှိုင်းဟော့ဂ်ဆန်ပြောကြား

ဝင်ဘလေကွင်းကြီး၌ မွန်တီနီဂရိုးအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်ခြင်းကြောင့် အင်္ဂလန်အသင်း အုပ်စု(H)၏ ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့သော်လည်း ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင် အနိုင်ရရှိမှသာ လာမည့်နှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဝင်ခွင့်တစ်နေရာ ရရှိမည်ဖြစ်ကြောင်း အင်္ဂလန်အသင်းနည်းပြ ရှိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။ လက်ရှိတွင် ၎င်း၏ အင်္ဂလန်နည်းပြသက်တမ်းသည်လည်း ထက်ဝက်ရှိခဲ့ပြီဖြစ်ကြောင်း အင်္ဂလန်အသင်းကစားသမားများကို သတိပေးပြောကြားခဲ့သည်။

မွန်တီနီဂရိုးကို အနိုင်ရရှိလိုက်ခြင်းသည် အုပ်စု (H)တွင် ရှုံးပွဲမရှိသည့် စံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့သည့်အပြင် အုပ်စုကိုလည်း ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် အင်္ဂါနေ့ ညပိုင်းတွင် ကစားမည့် ပိုလန်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ကစားကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရန် ရည်ရွယ်ထားကြောင်း၊ သို့သော် ပိုလန်အသင်းအား အနိုင်ရရှိရန်မှာ လွယ်ကူမည် မဟုတ်ကြောင်းလည်း ရှိုင်းဟော့ဂ်ဆန်က ဆိုသည်။

ဂါရတ်ဘေးလ်၏ဒဏ်ရာပြဿနာနှင့်ပတ်သက်သော သတင်းများအား ရီးယဲလ်မက်ဒရစ် ငြင်းဆို

တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် အဆိုပါကောလာဟလသတင်းများနှင့် ပတ်သက်၍ ရီးယဲလ်မက်ဒရစ်အသင်းက ငြင်းဆိုသွားခဲ့ကြောင်း သိရသည်။ စက်တင်ဘာလအတွင်းက စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပေါင် ၈၅ သန်းဖြင့် ပြောင်းရွှေ့လာပြီးနောက် ကမ္ဘာ့ဈေးအကြီးဆုံးကစားသမားဖြစ်လာသော ဂါရတ်ဘေးလ်သည် ဒဏ်ရာပြဿနာကြုံနေရသဖြင့် ရီးယဲလ်မက်ဒရစ်အသင်းတွင် ပါဝင်ကစားနိုင်မည်မဟုတ်ဘဲ ကာလကြာရှည် အရန်ခုံ၌သာ ကျေနပ်နေရလိမ့်မည်ဖြစ်ကြောင်း စပိန်သတင်းဌာနများက အောက်တိုဘာ ၁၃ ရက် တွင် သတင်းဖော်ပြခဲ့ခြင်း ဖြစ်သည်။

ယင်းဖော်ပြခဲ့သော သတင်းများကို ရီးယဲလ်မက်ဒရစ်အသင်းက ငြင်းဆိုခဲ့သည့်အပြင် ဂါရတ်ဘေးလ်သည် မကြာမကြာဖြစ်တတ်သော နာတာရှည်ရောဂါအနည်းငယ် ခံစားရခြင်းသာဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းက အခိုင်အမာပြောကြားခဲ့သည်။

လက်ရှိတွင် ဂါရတ်ဘေးလ်သည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ဒဏ်ရာပြဿနာများဖြင့်သာ ရင်ဆိုင်နေရသူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် ၁၃၂ မိနစ်သာလျှင် ပါဝင်ကစားပေးထားနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

ငွေကြယ်

ဝက်စ်ဟမ်းအသင်းနှင့် ကာတန်ကိုးလ် သုံးလစာချုပ်မည်

အင်္ဂလန်တိုက်စစ်မှူးဟောင်း ကာတန်ကိုးလ်သည် ချာလ်တန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ပွဲကစားချိန် မိနစ် ၉၀ အပြည့်ပါဝင်ကစားပေးကာ ၎င်း၏ကြံ့ခိုင်မှုကို ပြသခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းနှင့် သုံးလစာချုပ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ကြောင်းနှင့် မန်စီးတီးအသင်းနှင့် လာမည့် စနေနေ့ညပိုင်းကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တိုက်စစ်မှူးကာတန်ကိုးလ်သည် ဝက်စ်ဟမ်းအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ခြင်းကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီကုန်တွင် အသင်းနှင့် လမ်းခွဲလိုက်ရသည်။ ယင်းအချိန်မှစ၍ မည်သည့်အသင်းကိုမျှ သွားရောက်ကစားခဲ့ခြင်းမရှိသေးပေ။

ဝက်စ်ဟမ်းအသင်းတွင် ကွင်းလယ်ရောတိုက်စစ်ပါကစားနိုင်သည့် တိုက်စစ်မှူးကာရိုးလ် ဒဏ်ရာပြဿနာကြုံနေခြင်းကြောင့် တိုက်စစ်မှူးကာတန်ကိုးလ်ဖြင့် အစားထိုးကစားစေရန် ဝက်စ်ဟမ်းအသင်းက ရည်ရွယ်ခဲ့ပြီး ကာတန်ကိုးလ်သည် မန်စီးတီးအသင်းနှင့် ကစားမည့် စနေနေ့တွင် အသက်(၃၀) ပြည့်မြောက်တော့မည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် တိုက်စစ်မှူးကာတန်ကိုးလ်သည် ပုံမှန်ခြေစွမ်းပြန်လည်ရရှိရန်အတွက် ဝက်စ်ဟမ်းအသင်းနှင့်အတူ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အင်ဒိုရေပိုင်နက်တွင် ဖမ်းခံခဲ့ရသော သနပ်ပင်သား ပြန်လည်ရောက်ရှိ

သနပ်ပင် အောက်တိုဘာ ၁၃

အင်ဒိုနီးရှားရေတပ်မှ ဖမ်းဆီးခံရသူ သနပ်ပင်မြို့ ရေကျော်ရပ်ကွက် ငါးချဉ်ပိုင်းနေ ကိုခင်မောင်လတ်(၃၃)နှစ်အား ပဲခူးမြို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက အောက်တိုဘာ ၁၀ ရက်တွင် သနပ်ပင်မြို့သို့ လာရောက်အပ်နှံခဲ့ကြောင်း ရေကျော်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသက်ဦးကဆိုသည်။

ကိုခင်မောင်လတ်သည် ၂၀၀၉ ခုနှစ်က ကော့သောင်းမြို့ဘက်သို့ ဆီအုန်းခြံ၌ အလုပ်လုပ်ရန် သွားရောက်ခဲ့ရာမှ အလုပ်အဆင်မပြေ၍ ထိုင်းငါးဖမ်းစက်လှေပေါ်သို့ ပွဲစားများမှတစ်ဆင့် သွားရောက်လုပ်ကိုင်ခဲ့ရာ သုံးနှစ်ခန့်ကြာခဲ့ပြီး တစ်လလျှင် ဘတ်ငွေ ၄၅၀၀ ရရှိကြောင်း၊ လွန်ခဲ့သည့် ခုနစ်လခန့်က အင်ဒိုနီးရှားရေပိုင်နက်ထဲရောက်ခဲ့၍ ၎င်းနှင့်အတူ စက်လှေလေးစင်းပေါ်ပါ မြန်မာလုပ်သား ၄၀ တို့ အဖမ်းခံခဲ့ရကြောင်း ယင်းနောက် မြန်မာသံရုံးမှ ကိုနိုင်မင်းလာရောက်ဆက်သွယ်ပြီး ၎င်းကိုယ်တိုင် ပတ်စ်ပို့နှင့် လေယာဉ်လက်မှတ်များ အခမဲ့ဆောင်ရွက်ပေးကာ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ရောက်အောင် ပို့ဆောင်ပေးခဲ့ကြောင်း ကိုခင်မောင်လတ်က ပြောပြသည်။ **(အပေါ်ဝဲပုံ)**

"အလုပ်အကိုင်ကောင်းတယ်ဆိုလို့ နယ်စပ်ကိုသွားပြီး သုံးနှစ်ကျော် အပင်ပန်းခံလုပ်ခဲ့ရတာ ငွေတစ်ကျပ်မှ မစုမိဘဲ အခုလိုကြုံတွေ့ခဲ့ရတယ်။ မြန်မာသံရုံးက ဆောင်ရွက်ပေးခဲ့လို့ ကျွန်တော်နှင့်အတူ ၃၇ ဦး ပြန်ရောက်ခဲ့ရတယ်။ နောက်နောင် ကျွန်တော်မသွားတော့သလို သွားမယ့်လူရှိရင်လည်း တားမှာပါ။ ကိုယ်ရပ်ရွာမှာပဲ ရသလောက်နဲ့ အေးအေးချမ်းချမ်းလုပ်ကိုင်စားသောက်မယ်" ဟု ကိုခင်မောင်လတ်က ၎င်း၏ခံစားချက်ကို ပြောပြသည်။

ရဲထွဋ်(မင်းရွာ)

ညအလုပ်ပြန်မိန်းကလေးကို ကိုယ်ထိလက်ရောက် အနိုင်ကျင့်သူ အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေ မ----(၂၂)နှစ်သည် အောက်တိုဘာ ၁၁ ရက် ည ၁၀ နာရီခန့်က ကရဝိက်ဟိုတယ်မှ နေအိမ်သို့ပြန်လာစဉ် တာမွေမြို့နယ် စက်ရုံလမ်း မှောင်ရိပ်အရောက်၌ တာမွေမြို့နယ် မအူကုန်းရပ်ကွက်နေ ဖြိုးမင်းထွန်း (၂၂)နှစ်က နောက်မှလိုက်လာပြီး "ဘယ်သွားမှာလဲ၊ တစ်ယောက်တည်းလား၊ လိုက်ပို့ပေးရမလား" ဟု စိတ်အနှောင့်အယှက်ဖြစ်အောင်ပြောဆိုခဲ့သည်။

ထို့နောက်မ----က "နင်နဲ့ဘာဆိုင်လဲ၊ ကိုယ့်လမ်းကိုယ်သွား" ဟု ပြောဆိုကာ လက်ကိုင်ဖုန်းဆက်ရန်ပြုလုပ်နေစဉ် ၎င်းအမျိုးသားက မ---၏ ပခုံးအားယာလက်ဖြင့် သိုင်းဖက်ထားပြီး လည်ပင်းအားညှစ်ထားစဉ် ရုန်းကန်၍ အော်ဟစ်အကူအညီတောင်းခံသည့်အတွက် ဆောင့်တွန်းလိုက်ရာ လမ်းပေါ်သို့ ပက်လက်လန်လဲကျသွားခဲ့သည်။ ထိုသို့လဲကျမှုကြောင့် မ---တွင် ကျောကုန်းနာကျင်၊ ဝဲဘက်တံတောင်ပွန်းပဲ့၊ လည်ပင်းဒဏ်ရာများရရှိခဲ့သဖြင့် ဖြိုးမင်းထွန်းအား တာမွေမြို့မရဲစခန်းက(ပ) ၄၄၈/ ၂၀၁၃၊ ပြစ်မှုပုဒ်မ၃၅၄/၃၂၃ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

- - - - - - - - - - - -

နယ်စပ်ခိုးဝင်ပေါက်မှ ဝင်ရောက်လာသူ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

ရဲ မြန် ကြား

နေပြည်တော် အောက်တိုဘာ ၁၃

ကချင်ပြည်နယ် လွယ်ဂျယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၂ ရက်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ လွယ်ဂျယ်မြို့ အောင်သီရိ ရပ်ကွက်၊ တရုတ်-မြန်မာ နယ်စပ်လမ်း တရားမဝင်ဝင်၊ ထွက်ပေါက်အနီး၌ စောင့်ဆိုင်းနေစဉ် တရုတ်နိုင်ငံ လာရင်းကျေးရွာမှ လွယ်ဂျယ်သို့ တရားမဝင် ခိုးပေါက်မှ ဝင်ရောက်လာသူ တရုတ်နိုင်ငံ ကျန်းဖုန်းမြို့နယ် မုန့်ယော့ရွာနေ လွေလေလတ်(၂၉)နှစ်အား မသင်္ကာ၍ ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ ရှာဖွေရာ ဝဲဘက်ချိုင်းကြားတွင် ညှပ်ထားသော (HUPAI) စာတန်းနှင့် ရေပိုက်ခေါင်းတံဆိပ်ပါ လေးထောင့်စက္ကူချပ်ဘူးအတွင်း Love is flower စာတန်းပါ အစိမ်းနုရောင်ဆပ်ပြာခွက်အတွင်းမှ ပလတ်စတစ်အဖြူရောင်အိတ်ဖြင့် ထုပ်ထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူအဝါမှုန့် အလေးချိန် ၁၂ ဂရမ်ခန့်ပါ တစ်ခွက် သိမ်းဆည်းရမိခဲ့သဖြင့် လွယ်ဂျယ်နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ဖြူးနှင့်တောင်ငူမြို့ပိုးအမှု လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နေ မသင်္ကာဖွယ်တွေ့ရှိပါက သတင်းပေးတိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၁၃

လိုက်ထရပ်အဖြူရောင်ယာဉ် ဖြူးမြို့စာတိုက်အနီး ကားဂိတ်တွင် ရပ်နားစဉ်ယာဉ်ပေါ်တွင် အောက်တိုဘာ ၉ ရက်က မသင်္ကာဖွယ်အထုပ်တစ်ထုပ်တွေ့ရှိသဖြင့် တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်များမှ သဲအိတ်များဖြင့် ကာရံကာ ဖောက်ခွဲဖျက်ဆီးခဲ့မှုနှင့် အောက်တိုဘာ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့(၁၇)ရပ်ကွက်ရှိ ချမ်းမြေ့တည်းခိုခန်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ အများပြည်သူ သွားလာလှုပ်ရှားလျက်ရှိသည့် လူစည်ကားရာ နေရာများ၊ သင်္ဘောဆိပ်များ၊ ကားဂိတ်များ၊ မီးရထားဘူတာရုံများ၊ လေဆိပ်များ စသည့်နေရာများတွင် ရဲတပ်ဖွဲ့ဝင်များက ပုံမှန်လှည့်ကင်း၊ ပတ်ကင်း၊ စောင့်ကြည့်ကင်းများအပြင် အရပ်ဝတ်များဖြင့်လည်း ဖြန့်ကြက်၍ နေ့၊ ညမပြတ် လုံခြုံရေးများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ သတင်းများ၊ မသင်္ကာဖွယ်ရာလူများ၊ သံသယဖြစ်ဖွယ်ပစ္စည်းများတွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး Hot Lineဖုန်း ၀၁-၂၃၀၂၁၉၉၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး Hot Line ဖုန်း ၀၆၇-၅၅၀၃၃၃၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး Hot Line ဖုန်း ၀၂-၆၁၄၄၄၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးဖုန်း ၀၅၂-၂၃၉၉၉တို့သို့ ဆက်သွယ်သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

(ရဲပြန်ကြား)

ပဲခူးမြို့ အမှတ်(၂) ရဲစခန်းအပိုင်တွင် ဖဲဝိုင်းဖမ်းမိ

ပဲခူး အောက်တိုဘာ ၁၃

ပဲခူးမြို့ အမှတ်(၂) ရဲစခန်းအပိုင် ရပ်ကွက်ကြီး(၁) မြေတိုင်း(၁)လမ်းရှိ ဦးလှထွန်းနေအိမ်တွင် အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်က ဖဲဝိုင်းဖမ်းဆီးခဲ့သည်။ ဖြစ်စဉ်မှာ ဦးလှထွန်း၏နေအိမ်တွင် တစ်ရပ်ကွက်တည်းနေသူများဖြစ်ကြသော ထွန်းလှ၊ အုန်းမြင့်၊ အောင်ကျော်မိုး၊ ခင်နွဲ့လွင်တို့သည် လောင်းကြေးငွေဖြင့် ဖဲဝိုင်းပြုလုပ်နေသဖြင့် အမှတ်(၂) ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်မင်းထွန်းနှင့်အဖွဲ့သည် သက်သေများဖြင့် သတင်းအရ ဝင်ရောက်ရှာဖွေရာ ဖဲထုပ်နှင့်အတူ လောင်းကြေးငွေကျပ် ၂၀၅၅၀ ဖမ်းဆီးရမိသဖြင့် အမှတ်(၂)စခန်းက (ပ)၃၄၉/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(သုတ)



အထက်မြန်မာပြည်သတင်း

အချိန်ကုန်သက်သာပြီးလုပ်ငန်းတွင်ကျယ်သော(ဂျုတ်)များ တောင်သူများအသုံးပြုလာ

စစ်ကိုင်း အောက်တိုဘာ ၁၃

စစ်ကိုင်းမြို့မိုးရွာရက်က ရွာသွန်းမြဲထက်အနည်းငယ် ပိုခဲ့ပါသည်။ ထို့ကြောင့် မိုးနှမ်းစိုက်တောင်သူ ဦးထွန်းလွင်ဦးကို မေးမြန်းကြည့်ရာ မိုးနှမ်းမှာစိုက်ပြီးရက်ပေါင်း ၇၅ ရက်မှ ၈၀ ထိ သက်တမ်းရှိပြီး နောက်ပိုင်းမိုးအနည်းငယ်ရရှိပါက တစ်ဧက ၁၀ တင်းခန့်ထွက်မည်ဟု ပြောသည်။ ထို့ပြင် ယာကွက်ပိုင်ရှင်က မိုးနှမ်းများကို"ဂျုတ်" နှင့်ပေါင်းသင်နေသည်ကို တွေ့သဖြင့် ရိုးရိုးပေါက်တူးကို အသုံးပြု၍ ပေါင်းသင်နေသည်နှင့်နှိုင်းယှဉ်ပြီး လုပ်ငန်းပြီးမြောက်မှုကို မေးမြန်းကြည့်ရာ "ဂျုတ်"နှင့် ပေါင်းသင်ခြင်းက လုပ်ငန်းတွင်ကျယ်ကြောင်း၊ မြေစေး မဟုတ်သည့် မြေတွင်တန်းစိုက်ထွန်နှင့် စိုက်ပျိုးထားသော နှမ်းပင်ပေါက်များကို ပေါင်းသင်ရာတွင် အသုံးပြုသည့် "ဂျုတ်" ပြုလုပ်ပုံကိုအသေးစိတ်ရှင်းပြသည်မှာ "(၂၆)စက်ဘီး ဆင်စွယ်တစ်ဖက်နှစ်ချောင်းပါ တစ်ခုကို အဖျားတွင် လေးလက်မအချင်း သို့မဟုတ် ငါးလက်မအချင်းရှိ သစ်သားဘီးလုံးအား အလယ်တည့်တည့်မှ ဝင်ရိုးပြုလုပ်ရန် အပေါက်ဖောက်ပါ။ ထိုအပေါက်တစ်ဖက်စီမှ ဘောခွက်ထည့်ရန်အနည်းငယ်ထွင်းပြီး ဝင်ရိုး၊ ကုံးသီး၊ ဘောခွက်၊ ဘောသီးတို့ကို စက်ဘီးတပ်ဆင်သည့်နည်းအတိုင်း တပ်ဆင်ပါ၊ သစ်သားဘီးကိုတွန်းသည့်အခါမြေနှင့်ထိသည့်ဘက်မှ သစ်သားဘီးလုံး စားမသွားစေရန် စက်ဘီးတာယာကို သံမှိုအသေးနှင့် ကပ်ရိုက်ပါ၊ သစ်သားဘီးလုံး၏အပေါ်နားမှ ဆင်စွယ်နှစ်ဖက်လုံး၏အဖျားပိုင်းကို ဓားရွက်တပ်ရန်အတွက် အနံတစ်လက်မ၊ အလျားငါးလက်မခန့် ဒုအနည်းငယ်ထူသည့် သံပြားလေးပြားကို အဖျားပိုင်းတစ်ဖက်စီတွင် အပေါက်တစ်ပေါက်စီဖောက်ပြီး တစ်လက်မခွဲခန့်တွင် တစ်ပေါက်စီ ထပ်ဖောက်ပြီး ဆင်စွယ်အဖျားပိုင်းတစ်ဖက်စီကို ဘီးလုံး၏အပေါ်နားမှ ဆင်စွယ်ငုံ၍ ထိုသံပြားနှစ်ပြားကို ဝက်အူစုပ်ပါ။ ကျန်နှစ်ပြားကိုလည်း ထိုကဲ့သို့ပြုလုပ်ပါ၊ ထိုသံပြားများသည် ဆင်စွယ်အကွေးဘက်တွင် နှစ်စုံအစွန်းထွက်နေသည့် ထိပ်နှစ်ခုကိုဓားအိမ်ထည့်ရန်အတွက် သင့်တော်သည့်သံပြားနှင့် ဂဟေဆက်ပါ၊ ထိုနေရာကို အလျားခြောက်လက်မ သို့မဟုတ်ခုနစ်လက်မရှိသော ဘောပင်လုံးခန့်သံလုံးကို ထိုနေရာနှင့်ဆင်စွယ်၏အရင်းပိုင်းကို ဂဟေဆက်ရပါမည်။ ထိုဆုံချက်နေရာတွင် အနံတစ်လက်မ၊ အလျားခြောက်လက်မ သို့မဟုတ် အလျားတန်းစိုက် အကွာအဝေးနှင့်ကိုက်ညီသည့် ဒုအနည်းငယ်ထူသော သံပြား၏ အပေါ်ရှိတစ်ဖက်အစွန်းများတွင် အပေါက်တစ်ပေါက်စီဖောက်ပါ၊ ထိုသံပြားနှင့်အတူ အနည်းငယ်သေးသော အသွားတစ်ဖက်ပါ ဓားပြားကို ဝက်အူနှင့်တွဲပြီးစုပ်ပါ၊ ထို့နောက် ဆင်စွယ်၏အရင်းပိုင်း တစ်ဖက်စီတွင် မာ၍ပေါ့သောသစ်သား (၂×၁) လက်မ သို့မဟုတ် နှစ်လက်မပတ်လည် အရှည်သုံးပေခန့်ရှိသော သစ်သားချောင်းနှင့်တွဲ၍ဖောက်တုပ်ပါ၊ ထိုသစ်သားနှစ်ချောင်းကို အလယ်တွင် ခိုင်မြဲစေရန်အတွက် တစ်ဖက်နှင့်တစ်ဖက်လှမ်းချုပ်ထားရပါမည်။ လူလက်ကိုင်သည့်ဘက်က ကျယ်ပြီး ဆင်စွယ်ဘက်ကကျဉ်းရပါမည်၊ သို့မှ သာလက်နှင့်တွန်း၍ အဆင်ပြေပါမည်။ ထိုအခါတွင် သုံးရန်အသင့်ဖြစ်သော "ဂျုတ်" ဖြစ်လာပါသည်။ ပေါက်တူးဖြင့် အချက်ပေါင်းမြောက်မြားစွာခုတ်ပြီး ပေါင်းသင်ရခြင်းကို မြေစေးမဟုတ်သည့်မြေများတွင် လက်တွန်း"ဂျုတ်"ဖြင့် မိမိတို့လိုသလို ချိန်ဆ၍လုပ်ကိုင်ခြင်းက တန်းစိုက်စိုက်ပျိုးထားသော တောင်သူများ အနေဖြင့် အချိန်ကုန်သက်သာပြီး လုပ်ငန်းတွင်ကျယ်စွာ အသုံးချ၍ရကြောင်း"နှင့် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့်ဒို့ကျေးရွာဂျာနယ် အတွဲ (၁၀) အမှတ် (၁၉) ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့ထုတ်တွင် အောင်ဆန်း (စိုက်ပျိုးရေး) ရေးသားသည့် "နှမ်းတွင်ကျရောက်တတ်သော ပိုးမွှားရောဂါများအချိန်မီ ကာကွယ်နှိမ်နင်းပါ" စိုက်ပျိုးရေးဆောင်းပါးသည် နှမ်းစိုက် တောင်သူများအတွက် များစွာအထောက်အကူပြုလိမ့်မည်ကိုလည်း လက်ဆင့်ကမ်းပြီးဖြန့်ဝေရေးသားလိုက်ရပါသည်။

(မိုးကြိုး-စစ်ကိုင်း)

စစ်ကိုင်းမြို့၏သီတင်းကျွတ်ပွဲ မြို့လုံးကျွတ်ပါဝင်ဆင်နွှဲ

စစ်ကိုင်း အောက်တိုဘာ ၁၃

စစ်ကိုင်းမြို့တွင် ရှေးမြန်မာမင်းများလက်ထက်ကတည်းက ဆွမ်းတော်ကြီးအသင်းများ အရဏ်တော်ကပ်လှူပူဇော်ပွဲကို ဝါတွင်းဘုရားစဉ်ဖြင့် ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း ဝါတွင်းဘုရားစဉ်အစဖြစ်သော စစ်ကိုင်းတောင်ရိုးဆွမ်းဦးပုညရှင် စေတီတော်ကြီး အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်နေ့မှ စတင်ကြောင်း သိရသည်။

ဝါတွင်းဘုရားစဉ်ကို ပုံ၊ တောင်၊ ဇေ၊ ချမ်း၊ ဥ၊ နန်း၊ လေး၊ ပ၊ ထူ၊ ရှင်၊ ငါး၊ အောင်၊ ကောင်း ဘုရားစဉ်လင်္ကာဖြင့် ဆွမ်းဦးပုညရှင်စေတီတော်၊ တောင်ဖီလာဘုရား၊ ဇေတဝန်ဘုရား၊ ချမ်းသာကြီးဘုရား၊ ချမ်းသာရစေတီတော်၊ ဥမင်သုံးဆယ်စေတီတော်၊ နန်းဦးစေတီတော်၊ ရှင်ပင်နံ့ကိုင်းစေတီတော်၊ လေးကျွန်းမာန်အောင်ဘုရား၊ ပတ္တမြားစေတီတော်၊ ထူပါရုံဘုရား၊ ရှင်ဖြူရှင်လှစေတီတော်၊ ငါးထပ်ကြီးဘုရား၊ အောင်မြေလောကဘုရား၊ ကောင်းမှုတော်ဘုရားတို့အား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းမှုပြုကြသည်။

ဓမ္မဝတီအရဏ်တော် ဆွမ်းတော်ကြီးအသင်းသည် အရဏ်တော်ဆင်နွှဲခဲ့ကြသည်မှာနှစ်ပေါင်း(၁၃၂) နှစ်တိုင်အောင်ရှိပြီး ရှေးမူရှေးဟန်မပျက် အစဉ်အလာကိုထိန်းသိမ်းခဲ့သည်။ ဓမ္မဝတီအရဏ်တော်အသင်းသည် အရဏ်တော်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့်အတွက် သံဃာတော်ကြီးများချီးမြှင့်သော ပထမဆု၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးချီးမြှင့်ခဲ့သည့် ပထမဆုနှင့် တံခွန်စိုက်ဆုချီးမြှင့်ခံရသည့် စံပြအရဏ်တော် အသင်းဖြစ်သည်။

စစ်ကိုင်းမြို့တွင် ဆွမ်းတော်ကြီးကပ်လှူသည့်ဓလေ့မှာ ဘာသာသာသနာနှင့်ပတ်သက်၍ ရိုးရာအစဉ်အလာမပျက်ကျင်းပသော ကုသိုလ်ပြုပွဲတော်ဖြစ်ရာ မြို့ပေါ်ရပ်ကွက်များနှင့် ဝန်းကျင်ကျေးရွာများမှ ဆွမ်းတော်ကြီးအရဏ်တော် အသင်းများပါ နှစ်စဉ်ပါဝင်ဆင်နွှဲသည့်ဝါတွင်းဘုရားစဉ်နောက်ဆုံးဖြစ်သည့် ကောင်းမှုတော်ဘုရားကြီးပွဲမှာ သီတင်းကျွတ်လပြည့်နေ့တွင် အရဏ်တော်များ၊ ဆွမ်းတော်ကြီးအသင်းများသည် ရှေ့ဝန်း နောက်ဝန်းများခင်း၍ အလှဆင်ထားသည့်ကားပေါ်၌ ဘုရားပင့်ကာ စီတန်းလှည့်လည်ပြီး ကောင်းမှုတော်ဘုရားကြီးသို့သွားရောက်၍ ဆွမ်းဆက်ကပ်လှူဒါန်းရာ မြို့လုံးကျွတ် ပါဝင်ဆင်နွှဲကြသဖြင့် အထူးထင်ရှားသောပွဲတော်ကြီးဖြစ်ကြောင်း သိရသည်။

(ထွေးမြင့်နိုင်-စစ်ကိုင်း)

နေပြည်တော်စီမံကိန်းဦးစီးရုံး
နေပြည်တော်ကောင်စီနယ်မြေ တင်ဒါခေါ်ယူခြင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နေပြည်တော်စီမံကိန်းဦးစီးရုံး၊ (၉၆×၆၄)ပေ၊ သံကူကွန်ကရစ် (၂)ထပ်အဆောက်အအုံအား ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့် တင်ဒါစည်းကမ်းများကို ၁၇-၁၀-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း နေပြည်တော်စီမံကိန်းဦးစီးရုံး၊ နေပြည်တော်ကောင်စီနယ်မြေတွင် ရောင်းချမည်ဖြစ်ပြီး ၂၂-၁၀-၂၀၁၃ရက် (၁၆း၃၀)နာရီ နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

ဖုန်းနံပါတ် - ၀၆၇-၅၅၀၂၂၁

လျှောက်လွှာတစ်စုံ - ၂၀၀၀ိ/- ကျပ်

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၁၀-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၁-၂၀၁၃ ရက်၊ ၁၁း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးဌာနခွဲ
ရုံးအမှတ်(၃၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၅၂

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Steam Sterilizer	1 No
(ခ)	Sartocon 2 PESU 30 KD Ultrafiltration Cassette	10 Nos
(ဂ)	Integrity Tester with Colour Touch Screen Display and Keypad	1 No
(ဃ)	Vessel (Mounted on load cells for weight measurement)	1 No
(င)	SDS-PAGE Machine with Standard Molecular Weight Marker	1Lot
(စ)	Ultrasound for Horse	1 Lot
(ဆ)	Filter(HEPA Filter, Medium Filter, Prefilter, Carbon Filter, F 332 Filter)	1 Lot
(ဇ)	Auto-Tap Changer Transformer	1 Lot

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၅-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၃ ရက်

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်၊ ဖော်ပြပါစက်ပစ္စည်း၏ (Technical Specification) အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆
Fax No. ၀၆၇-၄၀၈၁၉၅

အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၏
၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာနှစ် ခွင့်ပြုငွေပါ
မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု အဆောက်အအုံအား
WHO GMP နှင့်အညီ တည်ဆောက်ခြင်းလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေပါ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုအဆောက်အအုံအား WHO GMP နှင့်အညီ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဆေးဝါးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းတွင် အတွေ့အကြုံရှိသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၁၅-၁၀-၂၀၁၃ ရက်(အင်္ဂါနေ့)(ရုံးချိန်)

(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၁၀-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇) စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅၊ ၀၁-၆၄၆၂၇၄

အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ ထုတ်လုပ်ရေးလုပ်ငန်း(၂)ခုအား ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ မောက်သရက်ဒေသ၊ မြေဖြူထုတ်လုပ်မှုလုပ်ငန်း

(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ကျေးကုန်းဒေသ၊ ဒိုလိုမိုက်ထုတ်လုပ်ရေးလုပ်ငန်း

၂။ တင်ဒါပုံစံများကို ၁၀-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၃၁-၁၀-၂၀၁၃ ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် စည်းကမ်းများဝယ်ယူခြင်း၊ ဈေးနှုန်းလွှာတင်သွင်းခြင်း အသေးစိတ်အချက်အလက်များစုံစမ်းခြင်းကို သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ ထုတ်လုပ်ရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၀၁၆၊ ၀၆၇-၄၀၉၁၆၂ နှင့် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ လှေဒိုး၊ အထက(ခွဲ) အဌမတန်းမှ မနှင်းနန္ဒာအောင်နှင့် ပဥ္စမတန်းမှ မောင်သူရဖြိုး၏ဖခင် ဦးနိုင်ဦး၏ အမည်မှန်မှာ ဦးတင့်နိုင်ဦး ဖြစ်ပါသည်။

အမည်မှန်

အင်းစိန်မြို့နယ်၊ အလက(၉)၊ ပဥ္စမတန်း၌ ပညာသင်ကြားနေသော မဆုမေ၏ ဖခင်အမည်မှန်မှာ ဦးဒီဘားလား ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်စိုးမိုးမြင့် ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်အမှတ်(M 631690)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း- ၀၉-၄၄၈၀၃၇၀၆၀

အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အလက(၁)၊အဌမတန်း(ဃ)မှ အဖ ဦးတင်မောင်သန်း၏သား မောင်ဝေယံအား မောင်ဘုန်းပြည့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းပြည့်ကျော်

အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးအပ်သည့် ကော့သောင်းခရိုင်မှရေလုပ်သားများ နေရပ်သို့ပြန်လည်ပို့ဆောင်

ကော့သောင်း အောက်တိုဘာ ၁၃

အင်ဒိုနီးရှားနိုင်ငံ ပင်လယ်ပြင်အတွင်း တရားမဝင်ငါးဖမ်းဆီးမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့် ရေလုပ်သားများအား အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးအပ်သဖြင့် အောက်တိုဘာ ၉ ရက်က ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာသည့် မြန်မာရေလုပ်သားများအနက်မှ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်မှ ဦးထွန်းထွန်း၊ ဦးဖြိုးကို၊ ဦးဖိုးသက်၊ ဦးကျော်မင်းစိုး၊ ဦးချစ်မိုးဆွေ၊ ဦးလှဦးတို့ခြောက်ဦးသည် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ထိုရေလုပ်သားများအား ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တာဝန်ခံ ဦးအာကာကိုကိုနှင့်အဖွဲ့က ကော့သောင်းလေဆိပ်တွင် သွားရောက်ကြိုဆို၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကော့သောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ လိုအပ်သည်များပံ့ပိုးကူညီမှုနှင့် ကျန်းမာရေးစစ်ဆေးကုသမှုပေးခဲ့ကြပြီး ယင်းနေ့ညနေပိုင်းတွင် ကော့သောင်းမြို့နေ မိဘဆွေမျိုးများထံသို့ လွှဲပြောင်းပေးပို့ခဲ့ကြသည်။

အဆိုပါ အင်ဒိုနီးရှားနိုင်ငံမှ လွှဲပြောင်းပေးပို့သည့် မြန်မာနိုင်ငံသားများအနက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်မှ ခြောက်ဦး၊ ထားဝယ်မြို့နယ်မှ သုံးဦး၊ မြိတ်မြို့နယ်မှနှစ်ဦးဖြစ်ပြီး ကော့သောင်းမြို့နယ်မှ ရေလုပ်သားများ၏ နေစရိတ်၊ စားစရိတ်နှင့် ခရီးစရိတ်များကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)တို့မှ ထောက်ပံ့ကူညီပေးခဲ့ကြကြောင်း သိရသည်။**သူကျော်စိုး(ကော့သောင်း)**

သုံးခွမြို့နယ် ဝဲပြန်ကျောင်းတိုက် လာဘမုနိဓမ္မာရုံတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

သုံးခွ အောက်တိုဘာ ၁၃

လူ့ဘဝတွင် လူဖြစ်လာကြသော လူသားများသည် အဓိကအားဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံသာယာမှသာ သာယာပျော်ရွှင်သော လူ့ဘဝအရတော်မည်ဖြစ်သည်။ တစ်ခါတစ်ရံ ဖျားနာခြင်းဖြစ်လာပါက ဆင်းရဲသား မရှိနွမ်းပါးသူများအတွက် ဆေးရုံ၊ ဆေးခန်းသို့သွားရောက်ပြသရန် ငွေကြေးအခက်အခဲများဖြင့် ကြုံတွေ့ရနိုင်ပါသည်။

ထိုသို့ အခက်အခဲများ မကြုံတွေ့စေရန် ကျန်းမာရေးပြဿနာကို တက်နိုင်သလောက်ဖြေရှင်းကူညီပေးနေသော ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက် ဝဲပြန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဂုဏာနန္ဒက ဦးဆောင်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့နှင့် ရပ်ကွက်တွင်းနေ အလှူရှင်များ၊ စေတနာဆရာဝန်နှစ်ဦးတို့က သုခကမ္ဘာ (အခမဲ့)ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကို ဝဲပြန်ကျောင်းပရိဝုဏ် လာဘမုနိဓမ္မာရုံတွင် ဇွန် ၁၃ ရက်မှစ၍ ကြာသပတေးနေ့တိုင်း လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ကျန်းမာရေးစောင့်ရှောက်မှု(အခမဲ့) ကုသပေးလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းတွင် စေတနာဆရာဝန်နှစ်ဦး(အခမဲ့)နှင့် သူနာပြုသားဖွားဆရာမနှစ်ဦးတို့က တစ်ပတ်တစ်ရက် ဆေးကုသပေးလျက်ရှိရာ တစ်ရက်လျှင် ပျမ်းမျှဆေးကုသခံယူသူ ဦးရေ ၁၀၀ ခန့်ရှိပြီး ယခု(၁၈)ကြိမ်တွင် လာရောက်ဆေးကုသမှုခံယူသူပေါင်း ၁၅၀၀ ခန့်ကုသပေးပြီးဖြစ်သည်ဟု အကျိုးဆောင် ဦးခင်စိုးက ပြောပြသည်။

ယင်း သုခကမ္ဘာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (အခမဲ့)သို့ ဆက်သွယ်လှူဒါန်းလိုပါက ဦးသန်းထွန်း (၉-ရပ်ကွက် အုပ်ချုပ်ရေးမှူး) ဖုန်း-၀၉-၄၂၁၀၀၁၈၉၈၊ ဦးခင်စိုး ဖုန်း-၀၅၆ ၄၀၆၇၄၊ ဦးအောင်ကျော် ဖုန်း-၀၅၆ ၄၀၆၇၁ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြည်စိုးလွင်)

မိုးရာသီမျိုးသန့်စိုက်ခင်းစပါးမျိုးကွဲများ ရောထွေးပါဝင်မှု တောင်သူလယ်သမားများအား လက်တွေ့သရုပ်ပြ ဆွေးနွေး

ပုသိမ် အောက်တိုဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးကျွမ်းကျင်ဝန်ထမ်းများနှင့် တောင်သူလယ်သမားဖွံ့ဖြိုးရေးအကျိုးဆောင်တိုးပွားမန်းကုမ္ပဏီဝန်ထမ်းများဖြင့်ပေါင်းစပ်၍အောက်တိုဘာ ၈ ရက်က ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာ၌ တောင်သူ ဦးရဲအောင်၏ လယ်ယာခွင်၌စိုက်ပျိုးထားသော ပေါ်ဆန်းရင်/သီးထပ်ရင်/ဆင်းသုခ မျိုးစပါးစိုက်ခင်းများတွင် ဆန်စပါးသုတေသနပညာရှင်များပါဝင်လျက် မျိုးသန့်စိုက်ခင်းများတွင် ရောထွေးပါဝင်တတ်သော မျိုးကွဲစပါးပင်များ တစ်ပင်ချင်းနုတ်ပယ်သင့်သည်၊ မသင့်သည်၊ အကျိုးဖြစ်ထွန်းမှုရှိသည်၊ မရှိသည်ကို ပညာပေး၍ လက်တွေ့သရုပ်ပြ ဆွေးနွေးခြင်းလုပ်ငန်းခွင်သို့ သစ်ပုတ်ကုန်း၊ ကြောင်ပန်းကုန်း၊ ရအခ(၉) ကွင်းပေါက်ကြီး၊ ကမ်းနီကျေးရွာများမှ တောင်သူ ၂၀၀ ကျော် တက်ရောက်လေ့လာဆည်းပူးကြသည်။**(အပေါ်ယာပုံ)** ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် လှည့်လည်၍အသိပညာပေးလုပ်ငန်းများကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဘိုးဘွားစဉ်ဆက်လုပ်ကိုင်ခဲ့ကြတာက စပါးဆိုရင်ပြီးရော၊ အပင်ပေါက်၊ အသီးသီး၊ ရိတ်သိမ်းခြွေလှေ့၊ ဒိုင်ပို့အဆင့်လောက်နဲ့ပဲ နှစ်ပေါင်းများစွာလုပ်ကိုင်လာမိကြပါတယ်၊ ယနေ့ကာလမှာ နိုင်ငံတော်၏စေတနာနဲ့ နိုင်ငံရပ်ခြားမှ ကျွမ်းကျင်ပညာရှင်များနဲ့ သုတေသနပြုနှီးနှောဖလှယ်ပေးမှုကြောင့် နည်းစနစ်မှန်ကန်စွာရွေးချယ်လာတတ်ပါတယ်၊ အသုံးပြုတတ်ကြပါတယ်" ဟု ကွင်းပေါက်ကြီးကျေးရွာ တောင်သူ ဦးဇော်ဝင်းက ကျေးဇူးတင်စကားဆိုသည်။

(ပုသိမ်-လှကြည်)

အစိုးရ/စီးပွားရေးကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၀/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-076(2013-2014)	G-250 Ton Hook Block Assy Spares	(5) Items	US$
(၂)	IFB-077(2013-2014)	4 5/8" & 4 3/8" Flat Bottom Junk Mill Bits	(2) Items	US$
(၃)	IFB-078(2013-2014)	Adaptor Spools	(2) Items	US$
(၄)	IFB-079(2013-2014)	Quick Exhaust & Relief Valves	(4) Items	US$
(၅)	IFB-080(2013-2014)	Spares for Kenworth Truck Engine CAT C-15	(6) Items	US$
(၆)	IFB-081(2013-2014)	Spare for CAT D 3306 PC Lighting Set Engine	(9) Items	US$
(၇)	IFB-082(2013-2014)	28 VC 650 Clutch Elements for Drawwork Drive Clutch Ex TM3500	(1) Item	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁၁-၂၀၁၃ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ပြည်တွင်းရေးရာ

တိုက်ကြီးမြို့နယ်တွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး ရုံးခန်းဖွင့်

တိုက်ကြီး အောက်တိုဘာ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရုံးခန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ဗဟိုအဖွဲ့ဝင် ဦးအောင်လွင်၊ ဦးဘာဘူလေး၊ ဦးစိန်မြင့်ထွန်း (ပြန်ကြားရေး)၊ ဦးအောင်စိုးဦးနှင့် ဘာသာပေါင်းစုံမှ လူ ၁၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်လေးနှင့် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးတို့က တိုက်ကြီးမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ ရုံးခန်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက တိုက်ကြီးမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ရုံးခန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုက်ကြီးမြို့နယ် သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒဝဏ်ာသီရိကဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် ဒေသအတွင်း ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာဖြင့် ယှဉ်တွဲနေထိုင်နိုင်ရန် မိမိတို့မြို့ရွာဒေသ ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်ရန် တစ်ဘာသာနှင့်တစ်ဘာသာ အပြန်အလှန်လေးစားမှုရှိစေရန်၊ ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးစွာ နေထိုင်ခြင်းဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ကြောင်း မိန့်ကြားသည်။

(စိန်ရွှေလှိုင်)

မန်ဆူရှမ်းရွာ အဝေရာလမ်းအား ပြုပြင်စေချင်

လားရှိုး အောက်တိုဘာ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရပ်ကွက် (၁၂) နယ်မြေ(၁၉) မန်ဆူရှမ်းရွာရှိ အဝေရာလမ်းမကြီးသည် ဟူးမွန်ဆည်သို့လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်သို့လည်းကောင်း၊ စိုက်ပျိုးရေးခြံများသို့လည်းကောင်း သွားရောက်နိုင်ပြီး လမ်းဖြတ်သန်းရာတွင်လည်း ကျောင်းများ၊ ဈေးဆိုင်တန်းများကို ဖြတ်သန်းလျက်ရှိသည်။

ထိုအဝေရာလမ်းမကြီးသည် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့်ခွဲထွက်လာသော လမ်းပိုင်းအစမှ စတင်ကာကျောင်းရှေ့မှာပင် လွန်စွာပျက်စီးနေပြီး ကျောင်းဆင်းချိန်တွင် ကျောင်းသား ကျောင်းသူများ၏ အန္တရာယ်များ၊ ယာဉ်များကလည်း လမ်းဟောင်းကိုသာမောင်းနှင်ကြသောကြောင့် ယာဉ်ကြောပြောင်းပြန် အန္တရာယ်များ တွေ့မြင်နေရသည်။ ထိုအဝေရာလမ်းပိုင်း၌ ယာဉ်ငယ်များမှစ၍ ယာဉ်ကြီးများ၊ ဆိုင်ကယ်များ၊ ဖြတ်သန်းမောင်းနှင်လျက်ရှိနေသည်။ လမ်းအားပြည်သူများမှ ပြင်ဆင်ပေးရန် တောင်းဆိုနေသည်မှာ အချိန်ကြာမြင့်ပြီး လမ်းသားမရှိသဖြင့် ဟူးမွန်ဆည်သို့ သွားလည်ချင်သူများလည်း လမ်းမကောင်း၍ မသွားနိုင်ပါကြောင်း၊ သတင်းစာတိုက်သို့ ကြော်ငြာများထည့်သွင်းလိုသူများလည်း လမ်းမကောင်း၍ မလာပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၊ အလုပ်သမားများကသာ နေ့စဉ်နှင့်အမျှ ထိုလမ်းများမှသွားလာကြရာတွင် ယာဉ်အန္တရာယ်များရှိသောကြောင့် ပြုပြင်ပေးနိုင်ပါရန် အကြံပြုဖော်ပြအပ်ပါသည်။

ဇော်လွင်(လားရှိုး)

တွံတေးမြို့နယ်၌ အရန်သားဖွားသင်တန်းဖွင့်

တွံတေး အောက်တိုဘာ ၁၃

ပြည်သူဗဟိုပြု ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန်နှင့် ကျေးလက်နေပြည်သူလူထု ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတ တိုးပွားလာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အရန်သားဖွားသင်တန်းကို စက်တင်ဘာ ၁၄ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ကျေးရွာ ၂၅ ရွာမှသင်တန်းသူ ၂၅ ဦးအား မြို့နယ်ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပထမသုံးလအဖြစ်စာတွေ့ သင်ကြားလျက်ရှိသည်။ လက်တွေ့သင်တန်းကို ဒုတိယသုံးလအဖြစ် ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် သင်ကြားရမည်ဖြစ်ကြောင်းနှင့်ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ သင်တန်းစရိတ်ပံ့ပိုးငွေကျပ် ၁၃ သိန်းပေးအပ်ခဲ့ကြောင်း သိရသည်။ သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။ သင်တန်းပြီးပါက တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျန်းမာရေးလုပ်ငန်းများ ပြည်သူလူထုကိုအသိပညာပေးခြင်းလုပ်ငန်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း ရေကျော်ကျေးလက်ကျန်းမာရေးဌာန သင်တန်းနည်းပြတစ်ဦးဖြစ်သူ ကျန်းမာရေးမှူး ဒေါ်သန်းနုကဆိုသည်။

" အခု သမီးတို့ဒီသင်တန်းကိုတက်ရလို့ ဝမ်းသာပါတယ်။ ကိုယ့်ကျေးရွာပြန်ရောက်ရင်လည်း ကျေးရွာကပြည်သူတွေ ကျန်းမာရေး အသိပညာဗဟုသုတတွေရရှိအောင် တစ်အိမ်တက်ဆင်းပြောမှာပါ။ ကျေးရွာမှာရော၊ အခြားကျေးရွာတွေပါ လက်လှမ်းမီသရွေ့ ကြိုးစားသွားမှာပါ" ဟု သင်တန်းသူတစ်ဦးက ပြောပြသည်။

(မျိုးလှိုင်)

ဆိုင်ကယ်ခိုးသူ ဖမ်းဆီးရမိ

မန္တလေး အောက်တိုဘာ ၁၃

မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် မြို့မရဲစခန်းမှ စခန်းမှူး၊ နယ်ထိန်းခေါင်းဆောင်နှင့် အဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဝင်း၏ ညွှန်ကြားချက်ဖြင့် နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် (၈၂)လမ်း၊ (၂၀×၂၁)လမ်းကြား၌ ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူအား သက်သေများရှေ့တွင် စစ်မေးရာ ဖြိုးသူရကျော် (ခ) လက်ကောက်(ခ) ဖက်တီးဖြစ်ကြောင်း၊ ၎င်းနှင့်အတူတွေ့ရှိသော ဆိုင်ကယ်မှာ အောင်မြေသာစံမြို့နယ်တွင်းမှ ခိုးယူလာခဲ့သော ဆိုင်ကယ်ဖြစ်ကြောင်း၊ ဆက်လက်၍ ဖြိုးသူရကျော် (ခ) လက်ကောက် (ခ) ဖက်တီး အားစစ်ဆေးမေးမြန်းရာတွင် ၎င်းသည် နေ့အချိန်နေအိမ်မှ လိုင်းကားစီးကာ ကြုံရာနေရာတွင်ဆင်းပြီး လမ်းလျှောက်၍ သော့တန်းလန်းဆိုင်ကယ်များနှင့် ဇက်သော့မခတ်ထားသော ဆိုင်ကယ်များအား လူလစ်ချိန်တွင် ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့်ဖြိုးသူရကျော်(ခ) လက်ကောက် (ခ) ဖက်တီးအား အောင်မြေသာစံ မြို့မရဲစခန်းက (ပ)၅၂၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၉/၅၄ ဖြင့် အမှုဖွင့်ထားသည်။

တင်မောင်(မန္တလေး)

သနပ်ပင်၌ ရေနစ်သေဆုံးမှုနှစ်ကြိမ်ဖြစ်ပွား

သနပ်ပင် အောက်တိုဘာ ၁၃

သနပ်ပင်မြို့ ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း သနပ်ပင်-မင်းရွာ ပွဲထောင်ဂိတ်အနီးတွင် အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီခွဲကလူသေအလောင်းတွေ့ရှိကြောင်း သတင်းရ၍ သနပ်ပင်မြို့မရဲစခန်းမှူး ဒုရဲမှူး နိုင်ဝင်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြသည်။

သေဆုံးသူသည် သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် နဒီမင်္ဂလာလမ်းနေ ကိုနိုင်အောင်လင်း(၂၃)နှစ်ဖြစ်ပြီး အောက်တိုဘာ ၇ ရက် ညနေတွင် နေအိမ်မှ ပျောက်သွားကြောင်း၊ သေဆုံးသူသည် ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိရကြောင်းနှင့်အလောင်းအား သနပ်ပင်ဆေးရုံသို့ တင်ပို့စစ်ဆေးပြီး သနပ်ပင်မြို့မရဲစခန်းမှူး ဒုရဲမှူးနိုင်ဝင်းက တရားလိုပြုလုပ်ကာ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ယခုရေနစ်သေဆုံးမှုသည် ရက်ပေါင်း ၂၀ အတွင်းသနပ်ပင်မြို့ ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း၌ နှစ်ကြိမ်မြောက်ဖြစ်ပွားမှုဖြစ်ကြောင်း သိရသည်။

ရဲထွန်း(မင်းရွာ)

လိပ်၊ ငါးကန်အတွင်း အမျိုးသမီးတစ်ဦးရေနစ်သေဆုံး

ဖြူး အောက်တိုဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဘူတာတောင်ရပ်ကွက်ရှိ ရွှေကျင်ပရိယတ္တိစာသင်တိုက် ကျောင်းဝင်းအတွင်း လိပ်၊ ငါးများမွေးထားသည့် ကန်အတွင်း၌ အောက်တိုဘာ ၆ ရက် နံနက် ၆ နာရီခွဲက အမျိုးသမီး အလောင်းတစ်လောင်းအားတွေ့ရှိခဲ့ကြသည်။

ရေနစ်သေဆုံးရခြင်းမှာ ဓမ္မတာအတိုင်းဟုတ်၊ မဟုတ်ကို သိနိုင်ရန်အတွက် ဖြူးမြို့မရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် (၁၄/ ၂၀၁၃) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၁၂၉)

ရွှေတိဂုံစေတီတော်(ပုံစံတူ)ထီးတော်တင်ခြင်း သိက္ခာထပ်မင်္ဂလာနှင့် ဝါကျွတ်ပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာလမ်း၊ သာသနာ့ဗိမာန်ရိပ်သာ(ယိုးဒယားကျောင်း) ဝိသုံဂါမသိမ်တော်ကြီး၏ အပေါ်ထပ်၌ တည်ထားကိုးကွယ်မည့် ရွှေတိဂုံစေတီတော်(ပုံစံတူ) ၉-တောင်ပြည့်စေတီတော်ကြီးအား ထီးတော်တင်ခြင်း၊ ဗုဒ္ဓပူဇနိယမင်္ဂလာသဘင်အခမ်းအနားကို ကျင်းပခြင်း သာသနာ့ဗိမာန်ရိပ်သာ ဆရာတော်ဘဒ္ဒန္တဝါယာမာဝုဓ(သာသနဓဇ ဓမ္မာစရိယ)(မဟာကမ္မဋ္ဌာနာစရိယ)အား တပည့်ဒါယကာ၊ ဒါယိကာမများမှ စုပေါင်း၍ ဝါကျွတ်ပူဇော်ကန်တော့ပွဲနှင့် ပုနောပသမ္ပဒ ကံထပ်မင်္ဂလာပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့) ၁၉-၁၀-၂၀၁၃ရက် (စနေနေ့)

ကျင်းပမည့်အချိန်

သိက္ခာထပ်မင်္ဂလာ - နံနက် ၈ နာရီ

ပူဇော်ကန်တော့ပွဲ - နံနက် ၉ နာရီ

ထီးတော်တင်ခြင်းမင်္ဂလာ - မွန်းတည့် ၁၂ နာရီ

ကျင်းပမည့်နေရာ - မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ (ယိုးဒယားကျောင်း) မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်။

သာသနာနုဂ္ဂဟအဖွဲ့. ဖုန်း-၀၁-၆၄၁၃၂၃၊ ၀၉-၄၅၀၀၀၄၈၄၀

ဖြူးဆရာတော်၏တပည့်ဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိ စာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယကမ္မဋ္ဌာနာစရိယ M.A, Ph.D (Thesis) အရှင်သူမြတ်သည် (သီတင်းကျွတ်လဆန်း ၁၁ ရက်)၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)ညတွင် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မြို့နယ်သံဃာ့နာယက ဆွမ်းလောင်းဓမ္မာရုံ၌ လည်းကောင်း၊ (သီတင်းကျွတ်လပြည့်ကျော် ၂ ရက်)၊ ၂၁-၁၀-၂၀၁၃ရက်(တနင်္လာနေ့)ညတွင်စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊ကန့်ဘလူမြို့နယ်၊ ထန်းတပင်ဇီးကုန်းမြို့ ဦးခင်မောင်ထွန်း-ဒေါ်သိန်းသိန်းမိသားစုတို့၏ ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပွဲ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂ သို့ ဆက်သွယ်နိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၃၆၄)၊ မြေကွက်တည်နေရာအမှတ်(၃၆၄)၊ (၁၄) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဒေါ်နှင်းရီ)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်နှင်းရီကွယ်လွန်သဖြင့် ဦးကျော်ရင်[၁၂/ဗဟန(နိုင်)၀၃၇၂၁၂]မှ တရားဝင်တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ ၄၉၆(၉-၁-၂၀၁၃)ဖြင့် ရရှိသူ ဦးအောင်ဇေယျာ[၁၂/ပဇတ(နိုင်)၀၀၆၉၈၄]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန် (၃) ရှိ FAME Pharmaceuticals ဆေးဝါး စက်ရုံသည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့၌ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင် ပြုလုပ်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံစွမ်းအင် ဗဟိုဌာန (ACE) တို့ ပူးပေါင်းကျင်းပခဲ့သည့် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ် ပေးအပ်ပွဲတွင် ASEAN Energy Awards 2013 (Energy Management - Special Submission Industry Category) ပထမဆု (Winner) တံဆိပ်ကိုလက်ခံရရှိခဲ့ကြောင်း သိရသည့်အတွက် အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးအောင်မိုး (Managing Director) နှင့် ဝန်ထမ်းများ

FORWARD Construction & Decoration Co.Ltd

အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

၁၁-၁၀-၂၀၁၃(သောကြာနေ့) အမျိုးသားကဇာတ်ရုံတွင် ကျင်းပပြုလုပ်သော ၂၀၁၃ ဆီးဂိမ်းအကြိုလှုပ်ရှားမှုအဖြစ် မေဆွိနှင့် မေခလာတို့၏ TWO LADY SHOW ဂီတဖျော်ဖြေပွဲတွင် ကြွရောက်ချီးမြှင့်အားပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး၊ ပိုင်းဝန်းကူညီပေးကြပါသော မြကြာဖြူ Fashion Shop၊ Luck home၊ Onami၊ ဦးဝင်းမော်-ဒေါ်ခင်လေး(MRTV-4)၊ Ever Light၊ မန္တလေးမှ ကိုဝင်းမြတ်သူ၊ ဒီဇိုင်းကိုဖိုးဇော်(ခ)ဇော်ဝင်း၊ မိုးကုတ်ပေါက်ပေါက်၊ မိတ်ကပ်လင်းလင်း၊ ဒီဇင်ဘာနှင်း၊ Dancer ခေမီကိုနှင့် အဖွဲ့သားများအားလည်းကောင်း၊ Plus-3 Bandနှင့် အဖွဲ့၊ ခာတ်ပုံမင်းခန့်ကျော်နှင့် အဖွဲ့သားများအားလည်းကောင်း၊ တစ်ခဲနက် ရုံပြည့်ရုံလျှံ အားပေးကြပါသော မေဆွိနှင့်မေခလာ ချစ်သောပရိသတ်ကြီးများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူး(အထူး)ပင် ကျေးဇူးတင်ရှိပါကြောင်း။

အနူးအညွတ်တောင်းပန်ခြင်း

မေဆွိနှင့်မေခလာတို့၏ Two Lady Show ပွဲတွင် ပရိသတ်များ ရုံပြည့်ရုံလျှံ အားပေးမှုကြောင့် နေရာအခက်အခဲ အဆင်မပြေဖြစ်ခဲ့ရသော ပရိသတ်များအားလည်းကောင်း၊ အဓိက Sponsor အဖြစ် ပံ့ပိုးကူညီပေးသော်လည်း Sponsor ဘုတ်တွင်မဖော်ပြခဲ့မိသော Elisa by Tawwin Shoes မှ ကိုဘုန်းနှင့် မခင်စမ်းအေးတို့အားလည်းကောင်း၊ ကြိုတင်မဖိတ်ကြားမိသော စာနယ်ဇင်းမီဒီယာများအားလည်းကောင်း အနူးအညွတ်တောင်းပန်ပါကြောင်း။

စီစဉ်သူ ရန်ကျော်

သန်လျင်မြို့
မဟာအတုလ လောကမာရဇိန်ဆုတောင်းပြည့်ကျောက်တော်ကြီးဘုရား
ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ လေးထပ်ပရိယတ္တိစာသင်တိုက်သစ်အတွင်း တည်ထားကိုးကွယ်တော်မူသော မဟာအတုလ လောကမာရဇိန်ဆုတောင်းပြည့်ကျောက်တော်ကြီးဘုရားအား ဒုတိယအကြိမ်မြောက် ရွှေသင်္ကန်းဆက်ကပ်ပူဇော်ခြင်းများ၊ ဆီမီး(၃၀၀၀)၊ ပန်း(၃၀၀၀) ဆက်ကပ်ပူဇော်ခြင်း၊ ဆွမ်းတော်ကြီးဆက်ကပ်ပူဇော်ခြင်းများ ပြုလုပ်မည်ဖြစ်ပါ၍ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ၁၈-၁၀-၂၀၁၃ ရက် (သောကြာနေ့)၊ နံနက် ၅ နာရီတွင် နိုင်ငံဥသျှောင်နိုင်ငံတော်သံဃနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဦးဆောင်၍ ပင့်သံဃာ(၁၀၈)ပါးနှင့်အတူ ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် အနေကဇာတင်ခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသကိုယ်တိုင် အနုမောဒနာတရား ချီးမြှင့်ရေစက်ချမည် ဖြစ်ပါသည်။ သို့ပါ၍ ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့အား အထူးဖိတ်ကြားအပ်ပါသည်။

"မွေးနေ့မင်္ဂလာဆုတောင်းလွှာ"

သားလေး **မောင်ကျော်ပုညဟိန်း** (Grade-4B၊ အထက-၅၊ စမ်းချောင်း)ရဲ့ ၁၄-၁၀-၂၀၁၃ရက်မှာ ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှစ၍ အသက်ရာကျော်တိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ ထူးချွန်ထက်မြက်သည့် သားကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဖေဖေ - ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း) (OTS.101)
ချစ်မေမေ - ဒေါ်ထွေးထွေးခိုင် (BA. Eco)
ချစ်မမ - အေးချမ်းမိုး
[Grade-10(B)၊ အထက-၂၊ စမ်းချောင်း]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ၁)၊ မြေကွက်အမှတ်(၄/၂၈၇)၊ အမှတ်(၄/၂၈၇)၊ ကာယ(၁၂)လမ်း၊ သယ်န်းကျွန်းကြီးကျေးရွာရှိ တည်နေရာမြေကွက်အား ငယ်စာရင်း အမည်ပေါက် ဒေါ်စန်းစန်းတင့်ထံမှ ၉-၁-၂၀၀၅ ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးမြင့်မိုရ်မောင်[၁၂/ကတတ(နိုင်)၀၃၀၀၃၂]မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ နှစ် (၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း
(အသင်းသူ/သားများသို့ အသိပေးဖိတ်ကြားခြင်း)

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် Thai Graphic Arts Suppliers & Manufacturers Trade Association တို့ ပူးပေါင်း၍ Business Matching and Mini Exhibition 2013 ကို (18 Oct 2013) (သောကြာနေ့) နံနက် ၈း၃၀နာရီမှ ညနေ ၅ နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/သားများနှင့် စိတ်ဝင်စားသူများအားလုံးတက်ရောက်နိုင်ပါကြောင်းနှင့် ၎င်းအပြင် ပလတ်စတစ်လုပ်ငန်းရှင်များ၊ အထည်/အထည်ချုပ်လုပ်ငန်းရှင်များနှင့် ပတ်သက်သည့် ပုံနှိပ်လုပ်ငန်းဆိုင်ရာ ကုမ္ပဏီများလည်း ပါဝင်မည်ဖြစ်ပါသဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

နေရာ။ ။ ပထမထပ်၊ မင်္ဂလာခန်းမ၊ အမှတ်(၂၉)၊
UMFCCI Tower၊ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းရွာနေ အဖ ဦးမျိုးလှိုင်၏သား မောင်ရန်မျိုးနိုင်၏ အမည်မှန်မှာ မောင်ရန်နိုင်စိုး ဖြစ်ပါကြောင်းနှင့်သမီး မမြတ်နိုးခင်၏အမည်မှန်မှာ မခင်မျိုးခိုင် ဖြစ်ပါကြောင်း။

မောင်ရန်နိုင်စိုး၊ မခင်မျိုးခိုင်

Yangon International Trade Exhibition 2013

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် အောက်တိုဘာလ (၁၀) ရက်မှ (၁၃) ရက်အထိ ကျင်းပပြုလုပ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ၂၀၁၃ ဖွင့်ပွဲကို ကြွရောက်ချီးမြှင့်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် First National Insurance Public Co.,Ltd. မှ Managing Director ဦးအောင်ဆန်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအားလည်းကောင်း၊ ပြပွဲကိုစည်ကားသိုက်မြိုက်အောင် အသက်သက်မှကူညီပေးပါသော ဘဏ္ဍာရေးဝန်ကြီးဌာန အာမခံလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးမင်းသိန်း၊ JOB seekers Journal၊ တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဗိုလ်မှူးအောင်ကျော်ဆင့်၊ NMT Co.,Ltd. မှ Managing Director ဦးမျိုးသန့်နှင့် Jo Box မှ ဦးမောင်မောင်လွင်အားလည်းကောင်း၊ ပံ့ပိုးကူညီပေးပါသော First National Insurance၊ Global World Insurance၊ CB Insurance နှင့် Capital Life Insurance ကုမ္ပဏီတို့အားလည်းကောင်း၊ ပိုင်းဝန်းကူညီပြသပေးပါသော ကုမ္ပဏီများအားလည်းကောင်း၊ တစ်ခဲနက် ကြွရောက်အားပေးပေးပါသော မိဘပြည်သူများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း Dagon Exhibitions Limited မှ အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

www.yangoninternationaltradeexhibition.com

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

Ko Ko & Nyi Nyi

P-1 (c) (Pride ISM Primary School)

၁၄-၁၀-၂၀၁၃ ရက်တွင် ကျရောက်သည့် ရင်နှစ်သည်းချာ သားအမွှာ သားကြီး **မောင်တင်မိုးဦး**နှင့် သားငယ် **မောင်တင်မိုးအောင်** တို့၏ (၇)နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှသည် ချစ်သော ပါးပါး မားမား ရှိုးတီ တို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သာယာပြီး ပြည့်စုံသော အောင်မြင်မှု ပန်းတိုင်ဆီသို့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ပါးပါး- ဦးတင်ဝင်း (ကောင်းကြိုက်-အကြော်စုံမုန့်လုပ်ငန်း)
မားမား- ဒေါ်ကျင်တီ (ဦးပု- မုန့်မျိုးစုံ ဖြန့်ချိရေး)
ရှိုးတီ- မောင်စွမ်းထက်ကျော်(PISM Pre School)

မွေးနေ့ဆုတောင်း

ဩ ဘာနိမိတ်ကောင်းစွာ
သာ ယာဘဝထူထောင်
အောင် မြင်တေးသီဆို
ချို မြိန်အနမ်းများစွာရ
ပြောစရာတောင်မလို
ဩသာအောင်ချိုတစ်နှစ်ပြည့်
ရှေ့ဆက်မယ့်လမ်း ကျန်းမာချမ်းသာ
ပညာပြည့်ဝ နှလုံးလှစေ။

ဘိုးဘိုး - ဦးချိုလွင်(မြို့နယ်တရားသူကြီး၊ မော်လမြိုင်မြို့)
ဘွားဘွား - ဒေါ်ကြင်ရွှေ[ပညာရေး(ငြိမ်း) မဲဇလီကုန်း]
ဖေဖေ - ဗိုလ်ကြီးအောင်မျိုးခိုင်(အမ်းမြို့)
မေမေ - ဒေါ်ချိုဝတ်ရည်(နည်းပြ၊ သားဖွားသင်တန်းကျောင်း၊ပုသိမ်မြို့။)
လေးလေး - ဦးဇေယျာချိုလွင်(ရန်ကုန်မြို့)

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း (အသင်းသူ/သားများသို့ အသိပေးကြေညာချက်)

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၏ အသင်းသားစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းကို မကြာမီကာလအတွင်း ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အမှုဆောင်သစ် ရွေးချယ်ပွဲတွင် မဲဆန္ဒပေးခြင်းနှင့် အမှုဆောင်အဖြစ် ပါဝင်ယှဉ်ပြိုင် အရွေးခံခြင်းတို့အတွက် အသင်းသူ/သားများသည် အသင်းဝင်သက်တမ်းရှိသောသူများဖြစ်ရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ အသင်းသူ/သားများအား အသင်းဝင် သက်တမ်း Up to Date ဖြစ်စေရေးအတွက် သက်တမ်းတိုးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

နေရာ အခန်း (၆၀၁)၊ (၆) လွှာ၊ UMFCCI Tower၊
အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

YWCA

စက်ချုပ်သင်တန်း

အမျိုးသမီးဝတ်အင်္ကျီနှင့်စကတ်ထမီ

နေ့ရက်	- ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ (၄-၂၉)တစ်လသင်တန်း
စာရင်းပိတ်မည့်နေ့	- ၃၁-၁၀-၂၀၁၃ရက်

ရှပ်အင်္ကျီ

နေ့ရက်	- ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ (၂-၁၃) နှစ်ပတ်သင်တန်း
စာရင်းပိတ်မည့်နေ့	- ၂၉-၁၁-၂၀၁၃ရက်
အချိန်	- နံနက် ၉နာရီ ၁၂ နာရီထိ
နေရာ	- ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
စုံစမ်းရန်	- ၀၁-၂၅၆၉၉၀၊ ၂၄၅၆၈၀၊ (လူဦးရေကန့်သတ်ထားပါသည်)
မှတ်ချက်	- လစဉ်လတိုင်းဖွင့်လှစ်သွားပါမည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ-၁၆၊ ပေ(၄၀×၆၀)စီရှိ မြေကွက်၂ကွက်၊ အမှတ် (၁၄၄. ၁၄၅)ရှိ သီးပင်စားပင်အစုရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော်စိုး[၁၂/သဃက(နိုင်)၀၃၁၃၅၄]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသစရန်ငွေကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တရားဝင်အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် တရားဝင်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မိုး L.I.B .D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၇)
အမှတ်-၅၂၊ ၄၃လမ်း(အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၂၆၆၁၄



ပျောက်ဆုံး

ကျွန်တော် မောင်နေမင်းထွန်း[၁၁/ဘသတ(နိုင်)၀၂၀၄၅၆]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၃၁၉၀၆၇၆

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်ကျော်ငြေး(ပီဘီဒီအင်န်-၀၁၁၁၃၃)နှင့် ကျွန်မ မစန္ဒာဝင်း[၁၂/ပဘတ(နိုင်)၀၂၈၅၃၈]တို့နှစ်ဦးသည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် ၁၀-၉-၂၀၁၃ ရက်၌ သက်သေလူကြီးများရှေ့မှောက်တွင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ကျော်ငြေး
မစန္ဒာဝင်း

တေဇ(၁၄)

(၂၆)နှစ်မြောက်နှစ်ပတ်လည်အခမ်းအနား

သူငယ်ချင်းတို့

ဒီနှစ် နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်မြို့တွင် ၂၃-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ၁၀း၀၀နာရီမှ ၁၂း၀၀နာရီအထိ သဘာဝ ဓမ္မရိပ်သာ သန်လျင်မြို့တွင် အလှူငွေပေးအပ်ပွဲ ကျင်းပပြီး ညနေ ၁၈း၀၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ဦးထောင်ဘိုလမ်းထောင့် (New Romantic) စားသောက်ဆိုင်တွင် မိသားစု မိတ်ဆုံစားပွဲ ကျင်းပပါမည်။ အခမ်းအနား တက်ရောက်နိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် **တင်ဇော်- ၀၉ ၇၃၀၆၅၆၀၆၊ အောင်ကြွယ် -၀၉ ၄၉၈၀၄၆၇၄**
သက်နိုင် ၀၉- ၄၉၄၄၅၃၉၀၊ ရဲနိုင်စိုး -၀၉ -၄၂၀၀၈၈၂၅၀

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ဆဌမအကြိမ်မြောက် စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ကန်တော့ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ ကန်တော့ခံ အသက် (၆၀)ကျော် ဆရာ၊ ဆရာမကြီးများ၊ တပည့်ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက်-	- ၁၇-၁၀-၂၀၁၃ (ကြာသပတေးနေ့)
အချိန်	- မွန်းတည့် ၁၂ နာရီ
နေရာ	- "အရှက်တော်" ဆွမ်းလောင်းအသင်း ဓမ္မာရုံ၊ စဉ့်ကိုင်မြို့။

ဆက်သွယ်လှူဒါန်းရန်

ဦးမျိုးမြင့်	ရန်ကုန်	ဖုန်း-၀၉ ၄၃၁ ၆၈၂၂၂
ဦးသန်းထွန်း	မန္တလေး	ဖုန်း-၀၂-၆၂၂၃၁
ဦးဝင်းထွန်း (နီလာ)	မန္တလေး	ရန်ကုန် ဖုန်း-၀၉ ၂၀၀ ၀၉၄၆
ဦးညီညီ	စဉ့်ကိုင်	ဖုန်း-၀၉ ၉၁၀ ၂၈၅၂၁
ဦးကံမြင့်	စဉ့်ကိုင်	ဖုန်း- ၀၆၆-၄၀၁၁၉၊ ၀၉၂၁ ၅၁၃၀၉
ဦးကျော်ညွန့်	စဉ့်ကိုင်	ဖုန်း-၀၉- ၂၀ ၁၉၄၁၈
ဒေါ်သက်စုစန္ဒီ	နေပြည်တော်	ဖုန်း-၀၉-၄၉၂ ၃၀၄၆၈



Professor Dr Nyan Lin

PhD., MSc., PGD (Medical Physics), London, International English for Speakers of Other Languages (Mastery level), London Professor (Technological University), Principal (Sayar Dr Nyan Lin's Academy of Education, Latha)
Lecturer May Christina Rossetti (London Medical SEMC), Teacher Elizabeth (Wembley High Technology College)

Level - I	Level - II	Level - III, IELTS	Engineering
Mon, Tue, Fri 7:00 - 9:00 (21 Oct) 17:45 - 19:45 (21 Oct) Wed, Thurs 7:00 - 9:00 (23 Oct) Sat, Sun 7:00 - 9:30 (20 Oct) 15:30 - 18:00 (20 Oct)	Wed, Thurs 7:00 - 9:00 (23 Oct) Sat, Sun 15:30 - 18:00 (26 Oct) Business, LCCI English Sat, Sun 7:00 - 8:45 (20 Oct) Medical English Sat, Sun 18:00 - 19:45 (2 Nov)	Mon, Tue, Fri 7:00 - 9:00 (21 Oct) 17:45 - 19:45 (21 Oct) Sat, Sun 9:45 - 12:00 (26 Oct) 18:00 - 20:00 (26 Oct) TOEFL (2 Nov) Sat, Sun 13:00 to 15:30	Sat, Sun 12:00 to 16:00 Engineering English Mon, Tue, Wed, Thurs, Fri 7:00 - 9:00 (23 Oct) English for Seamen, Air Line Staff Sat, Sun 13:30-15:15 (2 Nov) English for Young learners Sat, Sun 9:30 - 11:30 (2 Nov)

Tel : 09-7303 9050, 09-4312 9900, 01-2301095

မဟာစည်သာသနာ့ရိပ်သာကြီး

(၆၄) ကြိမ်မြောက်ဘုံကထိန်သင်္ကန်းဆက်ကပ်ပွဲ

၁၃၇၅-ခုနှစ်သီတင်းကျွတ်လပြည့်ကျော် (၁)ရက်(၂၀-၁၀-၂၀၁၃) (တနင်္ဂနွေနေ့)တွင် မဟာစည်သာသနာ့ရိပ်သာ မြေဗိမာန်တော်ကြီး၌ နံနက်(၇း၀၀)နာရီတွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ရဟန်း၊ ရှင်၊ လူ ယောဂီ မြေပိတ်မေတ္တာများ ကြွရောက်လှူဒါန်းနိုင် ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့

အောင်လံဆရာတော် အရှင်စန္ဒိမာ၏
၂၀၁၃-၂၀၁၄ ခုနှစ်
တရားစခန်းပွဲအစီအစဉ်များ

၁။ ၁၄-၁၀-၂၀၁၃ မှ ၂၅-၁၀-၂၀၁၃ ရန်ကုန်(တိုက်ခွဲ-၃၂)တရားစခန်း
၂။ ၂၂-၁၁-၂၀၁၃မှ ၃-၁၂-၂၀၁၃ မန္တလေး(တိုက်ခွဲ-၃၂)တရားစခန်း
၃။ ၂၀-၁၂-၂၀၁၃မှ ၁-၁-၂၀၁၄ ရန်ကုန်(တိုက်ခွဲ-၃၂) တရားစခန်း
၄။ ၁၇-၁-၂၀၁၄ မှ ၂၇-၁-၂၀၁၄ ဩစတြေးလျနိုင်ငံ-မဲလ်ဘုန်း (တိုက်ခွဲ-၃၂) တရားစခန်း
၅။ ၁၅-၂-၂၀၁၄ မှ ၂၅-၂-၂၀၁၄ ပြည်-နဝဒေး(တိုက်ခွဲ-၃၂) တရားစခန်း
၆။ ၈-၄-၂၀၁၄ မှ ၁၈-၄-၂၀၁၄ အောင်လံ(တိုက်ခွဲ-၃၂)တရားစခန်း
၇။ ၅-၅-၂၀၁၄ မှ ၁၆-၅-၂၀၁၄ ရန်ကုန်(တိုက်ခွဲ-၃၂) တရားစခန်း
၈။ ၁-၆-၂၀၁၄ မှ ၁၂-၆-၂၀၁၄ မန္တလေး (တိုက်ခွဲ-၃၂) တရားစခန်း
၉။ ၁၆-၆-၂၀၁၄ မှ ၂၇-၆-၂၀၁၄ ရန်ကုန်(တိုက်ခွဲ-၃၂) တရားစခန်း
၁၀။ ၁၁-၇-၂၀၁၄ မှ ၂၁-၇-၂၀၁၄ အောင်လံ(တိုက်ခွဲ-၃၂)တရားစခန်း

မှတ်ချက်။ ။ ရန်ကုန်တရားစခန်းပွဲများတွင် ယောဂီဦးရေကန့်သတ်ထားသဖြင့် စခန်းပွဲမစမီ တစ်ပတ်အလိုတွင် တိုက်ခွဲ(၃၂)သဲအင်းဂူ၊ ကုန်းတလပေါင်ကျေးရွာသို့ မှတ်ပုံတင်ဖြင့် ကိုယ်တိုင်လာရောက် စာရင်းပေးသွင်းသူကို ဦးစားပေးလက်ခံမည်။ ပြည်ပယောဂီများနှင့် နယ်ယောဂီများ ဖုန်း-၀၉-၄၅ ၀၀၆၅၃၇၄သို့ စုံစမ်းပါ။

ရန်ကုန်ဥပဋ္ဌာကအဖွဲ့

Columbus TRAVELS
(SAKURA)
378535, 378549

ဆရာမိုး Follow Me Ph.D (USA)
ELEMENTARY ENGLISH GRAMMAR

ဗိသုကာပညာမိတ်ဆက်သင်တန်း

ဖခင်အမည်မှန်

ဟင်ရီဆန်ဟုပ်၏ ဖခင်အမည်မှန်မှာ ဦးခဲနဲဆန်း ဖြစ်ပါသည်။

အမည်မှန်

Henry AL Cung Mang ၏ အမည်အား ယနေ့မှစ၍ Henry Sang Hup ဟု ခေါ်ပါရန်။

Henry Sang Hup

တင်ဒါခေါ်ယူခြင်း

Myanmar ICT Development Corp., Ltd. (MICT Park) တွင် (၈)ထပ် အဆောက်အအုံ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တင်ဒါခေါ်ယူလိုပါသည်။
Main Building, Myanmar ICT Development Corp., Ltd.(MICT Park)
ရန်ကုန်မြို့။

ဝယ်လိုသည်

ဒဂုံမြို့သစ်မြောက်ပိုင်း၌ မြေကွက်ဝယ်လိုသည်။

UPT ဦးဖေသိမ်း
B. Sc. Engg (Electrical)

တင်ဒါခေါ်ယူခြင်း

Myanmar ICT Development Corp., Ltd. (MICT Park) တွင် (၈)ထပ် အဆောက်အအုံ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ... တင်ဒါခေါ်ယူလိုပါသည်။
Main Building, Myanmar ICT Development Corp., Ltd (MICT Park)
ရန်ကုန်မြို့။

ကွန်ဒိုတိုက်ခန်းရောင်းမည်

လမ်းမတော်၊ ၉လမ်း (အလယ်လမ်း)၊ အမှတ်(၂၇)၊ (၇)လွှာ၊ ပေ(၂၅×၅၀)၊ အရှေ့လှည့် Lift ပါ၊ လူမနေရသေး၊ အခန်းဖွဲ့ပြီး။
ရတနာမြိုင်ဆောက်လုပ်ရေးမှ ဆောက်လုပ်သည်။

ဈေးနှုန်း-သိန်း၁၅၀၀ (ပွဲစားမလို)
ဖုန်း-၀၉-၄၂၀၂၂၂၂၇၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ အိမ်အမှတ်(၅၇)၊ မြေကွက်အမှတ် ၁(ခ)၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃ ဟု ခေါ်တွင်သော ခြံမြေကွက်ကို ဦးအောင်ခင်နှင့် ဒေါ်သန်းကြည်(ခ)ဒေါ်တူးတူးတို့၏ သားသမီးများဖြစ်ကြသော ဒေါ်ခင်အေးနွဲ့အပါအဝင် ညီအစ်ကိုမောင်နှမရှစ်ဦး ပူးတွဲပိုင်ဆိုင်ကြပါသည်။ အဆိုပါမြေကွက်ပေါ်ရှိ အိမ်အမှတ်(၅၇)နှင့် ဦးဇော်ဝင်း၊ ဇနီးဒေါ်တင်တင်ဌေးတို့ပိုင်ဆိုင်သော အိမ်အမှတ်(၅၉)တို့အား ကန်ထရိုက်တိုက်ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမွေဆိုင်များ၏လွှဲအပ်သွန်ကြားချက်အရ
ဦးစိန်ထွန်း(စဉ်-၄၆၇၀)
B.A, H.G.P, R.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၉၉)၊ ပထမထပ်၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၅၅၀

ပျောက်ဆုံး

ကျွန်မ တန်ရီရီ(ခ)ရီရီခိုင် (ဘ) ဦးတန်ဟုအန် နိုင်ငံသားစိစစ်ရေးအမှတ် (၁၂/လသန(နိုင်)၀၀၀၁၉၅)၏ P.Pစာအုပ်သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၂၂၅၂၂၈၀**

ဖြည့်စွက်ဖတ်ရှုပါရန်

၁၅-၈-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)ပါ ကန့်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) ဦးဝင်းတင့် မြေအမည်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရေးအသယ် စာချုပ်ရန်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

ဦးစမ်း(လင်း) ဆီမီးမြေ အကျိုးဆောင်ကုမ္ပဏီ(ရုံးချုပ်)
☎ - 510760, 510940, 510950, 580643, 582517, 2304311

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်စိန်

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အိမ်အမှတ် H.1 နေ ဦးမောင်လေး(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)၏ဇနီး၊ ဦးစည်သူအေးအောင်နှင့် ဒေါ်ဟေမာန်ကြည်သာတို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်စိန်စိန် အသက်(၉၁)နှစ်သည် ၆-၁၀-၂၀၁၃ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

United Pacific Construction Co.,Ltd.(သူငယ်ချင်းများ)

ကျေးဇူးအထူးတင်ရှိခြင်း

B.B.S. ဦးဝင်းတင်(ခ)BERNIE TIN (၆၃)နှစ်

(MEOSA- 68)

(U.B.A., Air France, B.B.S., UNICEF, MOPTA; Co-Founder) {Retired}

၁၆-၉-၂၀၁၃ (တနင်္လာနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားသော ဦးဝင်းတင်(၆၃)နှစ် နာမကျန်း၍ ဗန်ကောက်မြို့ Samitivej Sukhumvit Hospital တွင် သွားရောက်ခွဲစိတ်ကုသမှုခံယူခဲ့စဉ်ကာလအတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော် လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်း၊ နှစ်သိမ့်အားပေးသတင်းမေးကြသော ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ လိုအပ်သောအကူအညီများအား လိုလားစွာပေးခဲ့ကြသော ဗန်ကောက်မြို့ရှိ Golden Pyramid Travel & Tours Co.,Ltd နှင့် ရန်ကုန်မြို့ရှိ Columbus Travel & Tours Co.,Ltd မှ လူကြီးမင်းများ၊ Vanbreda Insurance Co., [Malaysia] မှ တာဝန်ရှိသူများအားလည်းကောင်း၊ ရန်ကုန်မြို့ရှိ အာရှတော်ဝင်ဆေးရုံကြီးတွင် ဆက်လက်ဆေးကုသမှုခံယူခဲ့စဉ်ကာလ၌လည်း စေတနာအပြည့်ဖြင့် ပြုစုကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်းကောင်း၊ ကွယ်လွန်ပြီးချိန်တွင်လည်း စျာပနကိစ္စအဝဝအား ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် လစ်ဟာမှုမရှိအောင် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသော YKKO Group of Companies Limited, Myanmar Culinary Holdings Co.,Ltd, bbq Chicken Restaurant, Purple Sky Holdings Co.,Ltd တို့မှ မိသားစုများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း၊ ပန်းစည်းများပေးပို့ခြင်း၊ နောက်ဆုံးခရီး စျာပနအခမ်းအနားအား လိုက်ပါပို့ဆောင်ပေးခြင်း၊ ဘုရားအမျှရှိသော သံဃာတော်များအား ရက်လည်ဆွမ်းကျွေးရာ၌ အလှူငွေများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးဝါးမျိုးစုံ၊ သက်နံးပရိက္ခရာများ၊ မုန့်၊ ခဲဖွယ်များလှူဒါန်းခြင်း အစရှိသော ကိစ္စအဝဝတို့၌ ကူညီအားဖြည့်ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ UNICEF Myanmar Country Office; Education Section, Admin Section, Travel Section၊ အခြားဌာနခွဲများနှင့် ပြည်တွင်းပြည်ပမှ လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ M.E.H.S နှင့် MEOSA- 68 Batch မှ ငယ်သူငယ်ချင်းများ၊ Myanmar Orient Pacific Travel Agency(MOPTA) မိသားစု၊ B.B.S. Old Staff Association နှင့် U.B.A မှ လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ Columbus Travel & Tours Co.,Ltd မိသားစု၊ Eternal Flowers; Flora Services မိသားစု၊ ပြည်ပရောက် ငယ်သူငယ်ချင်းများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ Ye' Yint Co.,Ltd.(Stallion Lubricants), Limited Swam Motors, Best 149 International Limited, Device Services Co.,Ltd တို့အားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်သော်လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်း သတင်းမေး မှုဝေခံစားပေးကြပါသော ရပ်ဝေးရပ်နီးမှ သူငယ်ချင်းမိတ်ဆွေသင်္ဂဟများ၊ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ရာ၌ စျာပနအခမ်းအနားအစမှအဆုံးကူညီပေးခဲ့ကြပါသော လူမှုကူညီရေးအသင်း(သယ်နံးကျွန်း)မှ တာဝန်ရှိသူများ၊ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးပေးခဲ့သော ကိုအောင်မျိုး(am photography & design)၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဦးစိုးသန်း အသက်(၅၉)နှစ်

ကျောင်းအုပ်ကြီး (အထက(၁)ရန်ကင်း)

BEd (1971-1977)

အထက(၁)ခရမ်း၊ အလက(တန်းလျားလေး)၊ အထက(၃)ကမာရွတ်၊ အလက(၁)ကမာရွတ်၊ အထက(တံတားရွာ)

